# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၁/၂၀၂၂

## ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- စမုံနှမ်းအနက်များ အောက်တိုဘာလဆန်းမှစပြီး ဈေးတက်လာခဲ့ရာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ခန့်အထိ ဈေးတက်နေ
- အိမ်နီးချင်းနိုင်ငံများရဲ့ အထွက်နှုန်းကျဆင်းမှု၊ ပျက်စီးဆုံးရှုံးမှုများကြောင့် မြန်မာ့ကော်ဖီမှာ ဈေးကွက်လိုလားမှု ပိုမိုမြင့်တက်

### နိုင်ငံတကာဈေးကွက်

- တရုတ်နိုင်ငံတွင် ပြည်တွင်း ကျောက်မီးသွေး ထုတ်လုပ်မှု အစွမ်းကုန်တိုးမြှင့်မည်
- ထိုင်းနိုင်ငံမှ စွမ်းအင်လုပ်ငန်းကြီး PTT က ပြည်ပတွင် ကော်ဖီဆိုင် ၁၀၀၀ ဖွင့်ရန်လျာထား
- အာဆီယံနှင့် နိုင်ငံဖြတ်ကျော် e-commerce လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လာသည့် တရုတ်နိုင်ငံ
- ဂျပန်အစိုးရသည် ပြည်တွင်းရှိ ထိပ်တန်းလေ့ကားထစ်စပါးခင်းများစာရင်းကို စိစစ်ထုတ်ပြန်နိုင်ရန် ပြင်ဆင်နေ
- ပျားရည်အတုများကို ပစ်မှတ်ထား၍ တံဆိပ်ကပ်ဖော်ပြမှုဆိုင်ရာ စည်းမျဉ်းသစ်ဖြင့် ဆောင်ရွက်သွားမည့်အီးယူ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- တနင်္သာရီတိုင်းဒေသကြီးအတွင်း ကင်းမွန်ရာသီရောက်ရှိပြီဖြစ်သောကြောင့် ကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်တွင်လုပ်ငန်းခွင် စတင်ဝင်ရောက်
- လာမည့်နှစ်ဆန်းပိုင်းတွင် ပြည်ပခရီးသွားများကို မြန်မာနိုင်ငံက ပြန်လည်လက်ခံနိုင်ရန် လုပ်ဆောင်နေ
- ကင်စွန်းဝါးဈေးကွက် ကောင်းမွန်နေသည့်အတွက် မျိုးပင်ထုတ်လုပ်ရောင်းချမှုများပြားလာ

### ပြည်ပကုန်သွယ်မှုသတင်း

- ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူလာသောကြောင့် ပြည်တွင်း၌ ကြက်သွန်နီဈေးမြင့်တက်လာ
- လျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာသုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

### အထူးဆောင်းပါးများ

- ကမ္ဘာ့နိုင်ငံများ၏ စွမ်းအင်ဆိုင်ရာအကျပ်အတည်းများ
- ပစိဖိတ်ရပ်ဝန်းဒေသ၏စီးပွားရေးအကျိုးအမြတ်ကိုပုံဖော်ရာတွင်လမ်းဆုံအနေအထား၌ရောက်ရှိနေသည့်ဂျပန်နိုင်ငံ
- ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအားစတင်ဖြေလျှော့မှု ပထမအဆင့်ကို ၁-၁၁-၂၀၂၂ ရက်နေ့မှစတင်မည်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

## စမုံနှမ်းအနက်များ အောက်တိုဘာလဆန်းမှစပြီး ဈေးတက်လာခဲ့ရာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ခန့် အထိ ဈေးတက်နေ

မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် စမုံနှမ်းအနက်များ အောက်တိုဘာလဆန်းမှစပြီး ဈေးတက်လာခဲ့ရာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀၀၀၀ ခန့်အထိဈေးတက်နေကြောင်း ကျန်မြေပဲဆန်နှင့် ပဲတီစိမ်းတို့လည်း အရောင်းအဝယ်ကောင်းနေ သည်ဟု မန္တလေးမြို့ပဲကုန်သည်များထံကသိရသည်။

ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်ခဲ့သောကြောင့် ပြည်ပသို့တင်ပို့သည့် ပဲအမျိုးအစား များဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့သည် ဈေးမြင့်တက်ခဲ့ကြောင်း၊ စက်တင်ဘာလကုန်ပိုင်းက မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ကျပ် နှစ်သိန်း၊ ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင်ကျပ် တစ်သိန်းခွဲ၊ ပဲတီစိမ်း ပုံမှန်စ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့ရာမှ နိုင်ငံခြားငွေဈေးနှုန်း ပြန်လည်ကျဆင်းလာကြောင်း၊ တရုတ်နိုင်ငံ နယ်စပ်ဂိတ်မှ ပိတ်ထားသောကြောင့် ပြည်တွင်းရှိပဲသီးနှံများဈေးပြန်လည်ကျခြင်းမဟုတ်ကြောင်း၊ တရုတ်နိုင်ငံဘက်သို့ ပြီးခဲ့သည့်ဩဂုတ်လ ကတည်းက တင်ပို့ရောင်းချမှုကို ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံဘက်သို့ လာအိုနိုင်ငံဘက်မှတစ်ဆင့် တင်ပို့ခြင်းနှင့် ရေကြောင်းလမ်းဖြင့်တင်ပို့နေခြင်းရှိကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။ "ဈေးကွက်ကလောလောဆယ် နှမ်းဈေးအရောင်းအဝယ် ဖြစ်နေတာ ပါ။ ကျန်တဲ့ပဲဈေးတွေက စမုံနှမ်းအနက်က ၁၅၀၀၀၀ ကျပ်ကနေ ၂၅၀၀၀၀ ကျပ်ကြား အရောင်းအဝယ်ဖြစ်ကြတယ်။ အလတ်စ နှမ်းက ကျပ် ၂၀၀၀၀၀ ဈေး၊ ထိပ်စနှမ်း ၂၅၀၀၀၀ ကျပ်ဈေးရှိတယ်။ ဈေးတက်တာကတစ်ပတ်လောက်ရှိပြီ။ နှမ်းဈေးပြန်တက် နေတာ။ အောက်တိုဘာလဆန်းကနေ လက်ရှိအချိန်ထိဆို စမုံနှမ်း ဈေးကတစ်အိတ်ကို ကျပ် ၅၀၀၀၀ လောက်ဈေးပြန်တက် တယ်။ စမုံနှမ်းအနက်ပေါ်ဦးပေါ်ဖျားတုန်းကကျပ် ၁၇၀၀၀၀ ကျော်ဈေးရှိတယ်။ ထိပ်စဈေးပေါ့။ နောက်ပြီးဈေးကွက်ထဲ အရောင်းအဝယ်ကောင်းနေတာ လုံးဆန်မြေပဲဆန်အဖြူ အရောင်းအဝယ်ကောင်းတယ်။ ပစ္စည်းကောင်းတဲ့ပေါ်မူတည်ပြီး တစ်ပိဿာ ၂၇၀၀ ကျပ်ကနေ ကျပ် ၃၁၀၀ အထိဈေးရှိတယ်။ တရုတ်ပြည်ကို သင်္ဘောနဲ့တင်ပို့နေတယ်။ မြေပဲဆန်ဈေးက ဈေးတက်လိုက်ကျလိုက်ပါ။ အခုရက်ပိုင်း အရောင်းအဝယ်ကောင်းနေကြတယ်။ မတ်ပဲဈေးကျတယ်။ မတ်ပဲတစ်အိတ်ကို ကျပ် ၁၄၅၀၀၀ ဈေး ပဲစင်းငုံဈေး တစ်အိတ်ကို ၁၂၀၀၀၀ ဈေး အရောင်းအဝယ်အေးတယ်။ ကုလားပဲအုပ်စုဝင်ပဲတွေ ဈေးအပြောင်း အလဲမရှိဘူး။ ပဲတီစိမ်းက ရန်ကုန်ဘက်သွားတယ်။ အခုရက်ပိုင်း ကုန်စည်ဒိုင်မှာ မြေပဲဆန်၊ ပဲတီစိမ်း၊ နှမ်းအနက်တို့ အရောင်းအဝယ်ဖြစ်နေကြတယ်။ မြေပဲဆန်အသစ်တွေ ဈေးကွက်ထဲဝင်ရောက်နေတာရှိပါတယ်။ ကျန်တဲ့ပဲတွေ မပေါ်သေးဘူး" မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

Source: https://news-eleven.com/article/218511

## အိမ်နီးချင်းနိုင်ငံများရဲ့ အထွက်နှုန်းကျဆင်းမှု၊ ပျက်စီးဆုံးရှုံးမှုများကြောင့် မြန်မာ့ကော်ဖီမှာ ဈေးကွက်လိုလားမှုပိုမိုမြင့်တက်

ဈေးကွက်ခိုင်မာမှုရှိသည့် ကော်ဖီသီးနှံကို တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်သူ များကပြောသည်။ "တောင်သူတွေအနေနဲ့ နောက်ပိုင်းထည့်သွင်းစဉ်းစားသင့်တဲ့ သီးနှံအမျိုးအစားထဲမှာ ကော်ဖီသီးနှံလည်း ပါဝင်ပါတယ်။ အခုကာလမှာ တောင်သူတွေအရှုံးပေါ်ကြတာက စိုက်ပျိုးရေးပိုင်းမှာထက် ဈေးကွက်မှာရှုံးနေတာပါ။ တောင်သူ အများစုက ဘာလို့ဈေးကွက်အရှုံးပေါ်နေလဲဆိုရင် ဈေးကွက်တောင့်တင်းခိုင်မာမှုမရှိတဲ့သီးနှံတွေနဲ့ သိုလှောင်သိမ်းဆည်းထား လို့မရတဲ့သီးနှံတွေကို စိုက်ပျိုးမိသွားလို့ပါ"ဟု ကော်ဖီစိုက်ပျိုးရေးအထူးပြုပညာရှင် ဦးစောရန်နိုင်စိုးက ပြောသည်။

စိုက်ပျိုးသီးနှံအများစုမှာ တာရှည်သိုလှောင်၍မရသည့်အတွက် ဈေးကွက်မကောင်းချိန်ဖြစ်သော်လည်း ရရာဈေးနှုန်း များဖြင့် အလျှော့သင့်သလို ရောင်းချပစ်လိုက်ရတတ်သည်။ "ကော်ဖီသီးနှံကတော့ တကယ်တမ်း စနစ်တကျသိုလှောင်ထားမယ် ဆိုရင် သုံးနှစ်၊ ငါးနှစ်အထိ ပြဿနာမရှိဘူး။ အဲ့ဒီအတွက်ကြောင့် တောင်သူနဲ့ကုန်သည်ပွဲစားတွေကြားမှာ တောင်သူတွေဆီမှာ အားသာတာပေါ့နော်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ ကော်ဖီကို Export ဈေးကွက်အနေဖြင့် အမေရိကန်၊ အင်္ဂလန်၊ ဆွစ်ဇလန် စသည့်နိုင်ငံကြီးများသို့ နှစ်စဉ် တင်ပို့ရောင်းချနေသည့်အပြင် ယခုနှစ်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ ကော်ဖီစိုက်ခင်းများ အထွက်နှုန်းကျဆင်းခြင်း၊ တရုတ် နိုင်ငံ(ယူနန်ပြည်နယ်အနီးတစ်ဝိုက်ရှိ) ကော်ဖီစိုက်ခင်းများ မိုးများ၍ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့် မြန်မာ့ကော်ဖီမှာ ဈေးကွက် လိုလားမှုပိုမိုမြင့်မားခဲ့ကြောင်းသိရသည်။

Source:https://greenwaymyanmar.com/posts/high_price_demand_of_Myanmar_coffee

# နိုင်ငံတကာဈေးကွက်

## တရုတ်နိုင်ငံတွင် ပြည်တွင်း ကျောက်မီးသွေး ထုတ်လုပ်မှု အစွမ်းကုန် တိုးမြှင့်မည်

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးတွင်းလုပ်ငန်းကြီးများသည် ထုတ်လုပ်မှုတိုးမြှင့်ခြင်းဖြင့် နိုင်ငံအတွင်း ဓာတ်အားမလုံလောက်သဖြင့် ဖြတ်တောက်နေရခြင်းအကျပ်အတည်းကို လျော့ကျစေမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို ကျောက်မီးသွေးသုံး ဓာတ်အားစက်ရုံများမှ ထုတ်လုပ်ပေးနေသည်ဖြစ်ရာ ကျောက်မီးသွေးမလုံလောက်မှုကြောင့် ဓာတ်အားထုတ်လုပ်မှုများလျော့ကျသဖြင့် တိုင်းပြည်စီးပွားရေးကိုထိခိုက်စပြုလာသဖြင့် စီးပွားရေးကြီးထွားမှုကို ဓာတ်အားအကျပ်အတည်းက အဟန့်အတားဖြစ်နေစေသည်။ ဓာတ်အားကို ခွဲတမ်းဖြင့်ဖြန့်ဖြူးနေရခြင်းသည် တိုင်းပြည်စီးပွားရေး၏အဟုန်ကိုလျော့ကျစေသည်။ ၂၀၂၁ ခုနှစ်အတွက် တရုတ်နိုင်ငံ စီးပွားရေးကြီးထွားမှုကို ယခင်က ၈ ဒသမ ၂ ရာခိုင်နှုန်းဟု ခန့်မှန်းထားခဲ့ရာမှ စွမ်းအင်အကျပ်အတည်းကြောင့် ၇ ဒသမ ၈ ရာခိုင်နှုန်းဟု လျှော့ချခန့်မှန်းထားကြသည်။

ဗဟိုအစိုးရကလည်း နိုင်ငံပိုင်ဘဏ်လုပ်ငန်းများကို ကျောက်မီးသွေးတွင်းလုပ်ငန်းကြီးများအတွက် လိုအပ်သည့် ငွေကြေးနောက်ခံပေးအပ်နိုင်ဖို့ ပြင်ဆင်ပေးထားရန်ညွှန်ကြားထားသည်။ ဒုတိယဝန်ကြီးချုပ် Han Zheng က စွမ်းအင်ကုမ္ပဏီများသည် ဆောင်းရာသီတွင် ဓာတ်အားအလုံအလောက်ရရှိအောင် ဖြစ်သည့်နည်းဖြင့်လုပ်ဆောင်ကြရန် တိုက်ရိုက်ညွှန်ကြားထားသည်။ တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကျောက်မီးသွေးထုတ်လုပ်ရေးလုပ်ငန်း China Energy Investment Corp က ၎င်း၏တရားဝင် WeChat အကောင့်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် နည်းလမ်းစုံဖြင့်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုသည်။ ဆန်းစစ်သူများနှင့် ကျောက်မီးသွေးကုန်သည်အများစုတို့က ထုတ်လုပ်မှုတိုးမြှင့်ခြင်းကို လျင်လျင်မြန်မြန်ဖြင့် ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်ဟုဆိုကြသည်။ သို့ဖြစ်ရာဓာတ်အားကို ခွဲတမ်းဖြင့်ဖြန့်ဖြူးနေရဦးမည်ဟုခန့်မှန်းထားကြသည်။ နိုင်ငံအတွင်း ဓာတ်အားသုံးစွဲမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာနေခဲ့ရာ Morgan Stanley ၏ အဆိုအရ ယခုနှစ်တွင် ယမန်နှစ်ကထက် ၁၅ ရာခိုင်နှုန်းနီးပါး ပိုများလာသည်။ ပြည်တွင်းကျောက်မီးသွေးထုတ်လုပ်မှုမှာ ယခုနှစ်တွင် ယမန်နှစ်က ထက် ၅ ရာခိုင်နှုန်းမျှသာပိုများသည်။

တရုတ်နိုင်ငံအနေဖြင့် အဓိကကျသည့်ပြည်ပရင်းမြစ်နှစ်ခုထံမှ ကျောက်မီးသွေးတင်သွင်းနိုင်ခြင်းမရှိသည်မှာလည်း အကျပ်အတည်းကိုကြီးထွားစေသည်။အဓိကရင်းမြစ်တစ်ခုဖြစ်သော ဩစတြေးလျကျောက်မီးသွေးများကို နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေသည့်အတွက် တရုတ်အစိုးရက ဩစတြေးလျ ကျောက်မီးသွေးများ တင်သွင်းခြင်းကိုပိတ်ပင်ထားသည်။ နောက်ထပ် အဓိကရင်းမြစ်ဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံအဖို့ အကြီးမားဆုံး ကျောက်မီးသွေးပေးသွင်းသူဖြစ်ပြီး မိုးရွာသွန်းမှု အဆက်မပြတ် များပြားနေခြင်းကြောင့် ကျောက်မီးသွေးထုတ်လုပ်မှုလျော့ကျလျက်ရှိသည်။_တရုတ်ပြည်တွင်း ဈေးကွက်တွင် ကျောက်မီးသွေးဈေးနှုန်းများ မြင့်တက်လာနေသည်။ ဇွန်လက တစ်တန်လျှင် ယွမ် ၉၅၀ ပေါက်ဈေးရှိခဲ့ပြီး ဩဂုတ်လတွင် ယွမ် ၁၁၀၀ ဖြစ်လာခဲ့သည်။ စက်တင်ဘာလတွင် ယွမ် ၁၃၀၀ ဖြစ်လာခဲ့ပြီး ယခုအခါ ယွမ် ၁၇၀၀ (အမေရိကန်ဒေါ်လာ ၂၆၀) ပေါက်ဈေးရှိကြောင်း ဈေးနှုန်းသတင်းများတင်ပြသည့် Argus Media တွင် ဖော်ပြထားသည်။

Source: https://www.industrialdirectory.com.mm/article/chinas-coal-miners.html?

## ထိုင်းနိုင်ငံမှ စွမ်းအင်လုပ်ငန်းကြီး PTT က ပြည်ပတွင် ကော်ဖီဆိုင် ၁၀၀၀ ဖွင့်ရန် လျာထား

ထိုင်းနိုင်ငံမှ စွမ်းအင်လုပ်ငန်းကြီး PTT က Cafe Amazon အမည်ဖြင့် ကော်ဖီဆိုင်များဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ပုံမှန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလျံ ရရှိရန်ရည်မှန်းချက်ထားရှိသည်။ Cafe Amazon သည် မူလက PTT စက်သုံးဆီအရောင်းဆိုင်များထဲတွင် ဖွင့်လှစ်သည့်ကော်ဖီဆိုင်များ၏ အမှတ်တံဆိပ်ဖြစ်သည်။ ယခုအခါ ကမ္ဘာတစ်လွှားတွင် နေရာ ၃၇၀၀ ကျော်တို့တွင် ဆိုင်များဖွင့်လှစ်လုပ်ကိုင်သည်အထိ ကြီးထွားနေပြီဖြစ်သည်။

ထိုင်းနိုင်ငံမှ နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းကြီး PTT ၏ PTT Oil and Retail (PTTOR) သည် ပင်လယ်ရပ်ခြားတွင် လုပ်ငန်းချဲ့ထွင်ခြင်းပြုရန် အစီအစဉ်ရေးဆွဲထားရာတွင် စက်သုံးဆီရောင်းချခြင်းမဟုတ်ဘဲ Cafe Amazon များကို ခုရေ သုံးဆကျော် တိုးမြှင့်ဖွင့်လှစ်ရန်ဖြစ်ပြီး ၂၀၂၅ ခုနှစ်မတိုင်ခင် ကော်ဖီဆိုင်ပေါင်း ၁၀၀၀ ပြည့်ရန်ရည်မှန်းချက်ချမှတ်ထားသည်။

ယခုအခါ ထိုင်းနိုင်ငံပြင်ပတွင် Cafe Amazon ဆိုင်စုစုပေါင်း ၂၉၈ ဆိုင်ဖွင့်လှစ်ထားသည်။ စားသောက်ကုန်နှင့် အဖျော်ယမကာရောင်းချသည့်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသောလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ပိုင်ခွင့်ချပေးသည့် franchise သဘောတူညီချက်များ လက်မှတ်ရေးထိုးကာ Cafe Amazon များကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ကိုင်ခွင့်ပေးထားသည့်ဆိုင်များကို PTTOR က ဈေးကွက်ဖော်ဆောင်ခြင်းနှင့် ဒေသခံတို့အတွက် စားစရာ အမျိုးအမည်များချမှတ်ပေးခြင်းတို့ကို ထောက်ကူပေးမည်ဖြစ်သည်။ လုပ်ငန်းလုပ်ပိုင်ခွင့်ရဆိုင်များဖွင့်လှစ်ရန် ကျွမ်းကျင်သူ

များအဖွဲ့ကိုဖွဲ့ထားပြီး တိုးတက်ဖွံ့ဖြိုးရေးကို အကြံပြုပေးသွားမည်ဖြစ်သည်။ ရည်မှန်းချက်မှာ ၂၀၂၅ ခုနှစ်မတိုင်ခင်တွင် Cafe Amazon က ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလျံ ရရှိရန်ဖြစ်သည်။

Cafe Amazon ကို လုပ်ကိုင်လျက်ရှိသော PTT Oil and Retail Business သည် "လောင်စာဆီအပြင် အခြားအရာများ လက်လီရောင်းချရန်" မူကိုကျင့်သုံးပြီး "retailing beyond fuel" သည် ၎င်း၏ကြွေးကြော်သံအသစ်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကုမ္ပဏီဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းမှရရှိခဲ့သည်။ ဝင်ငွေအများစုသည် စက်သုံးဆီ အရောင်းဆိုင်များထံမှရရှိသည်။ Cafe Amazon ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ PTT ၏ စက်သုံးဆီအရောင်းဆိုင် များတွင် ဖွင့်လှစ်ပေးထားသည့်ကော်ဖီဆိုင်များအတွက် အမည်အမှတ်တံဆိပ်ဖြစ်သည်။ တစ်စထက်တစ်စ လုပ်ငန်းကြီးထွား လာခဲ့ရာ ကော်ဖီဆိုင်ခွဲများ ကမ္ဘာတစ်လွှားဖွင့်လှစ်လုပ်ကိုင်နေသည့်လုပ်ငန်းများတွင် ဆဋ္ဌမမြောက်အကြီးဆုံးလုပ်ငန်းအဖြစ် သို့ရောက်ရှိလာခဲ့သည်။ PTT Oil and Retail သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ထိုင်းစတော့အိပ်ချိန်းတွင် စာရင်းဝင် လုပ်ငန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပြီးခဲ့သည့် ဇွန်လတွင်ထုတ်ပြန်သောစာရင်းအရ ထိုင်းနိုင်ငံတွင် ဆိုင်ပေါင်း ၃၄၃၂ ဆိုင် ဖွင့်လှစ်ထားသည်။ နိုင်ငံပေါင်း ၁၀ နိုင်ငံတွင် ဆိုင်များဖွင့်လှစ်ထားရာ အရှေ့တောင်အာရှ ၇ နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မြန်မာ၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နှင့် လာအိုတို့အပါအဝင်ဖြစ်သည်။ ကျန်သည့် သုံးနိုင်ငံမှာ တရုတ်၊ ဂျပန်နှင့် အိုမန် နိုင်ငံတို့ဖြစ်သည်။

Source: https://www.industrialdirectory.com.mm/article/-ptt-cafe-amazon.html

## အာဆီယံနှင့် နိုင်ငံဖြတ်ကျော် e-commerce လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လာသည့် တရုတ်နိုင်ငံ

ယခုနောက်ပိုင်းတွင် ထိုင်းနိုင်ငံမှ စားသုံးသူများသည် Lazada e-commerce platform အပေါ်မှ တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနေကြပြီး၊ ကွမ်ရှီးတက္ကသိုလ်မှ ထိုင်းဘာသာသင်ကြားသည့် ဆရာမတစ်ဦးက နန်နင်းမြို့ရှိ Tus-Innovation မှနေ၍ ထိုင်းဘာသာစကားဖြင့် တိုက်ရိုက်ထုတ်လွှင့်ပေးကာ ကြော်ငြာပေးနေသည်ဟုသိရပါသည်။ Tus-Innovation ၏နိုင်ငံရပ်ခြားစီမံကိန်းမှာ အရှေ့တောင်အာရှနိုင်ငံများဆီသို့ လျင်မြန်စွာတိုးချဲ့နေပြီး၊ ၎င်းမှာ တရုတ်နိုင်ငံ၏ နိုင်ငံဖြတ်ကျော် e-commerce ကုမ္ပဏီကြီးများအနက် တစ်ခုဖြစ်ကြောင်း သိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နှင့် အာဆီယံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ ယွမ်ငွေ ၂ ဒသမ ၆၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၁၁ ဒသမ ၉ ဘီလီယံ) သို့ ရောက်ရှိခဲ့ကာ၊ ယခင်နှစ်ထက် ၂၇ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ သည်ဟု တရုတ်အကောက်ခွန်ဌာန၏ စာရင်းများအရသိရပါသည်။

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အာဆီယံနှင့် မြေမျက်နှာသွင်ပြင်နီးကပ်စွာတည်ရှိသဖြင့် မကြာသေးမီ နှစ်များအတွင်း အာဆီယံနှင့် နိုင်ငံဖြတ်ကျော် e commerce ကဏ္ဍဖွံ့ဖြိုးလာခဲ့ပါသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ကွမ်ရှီး လွတ်လပ်သောကုန်သွယ်ရေးဇုန်မှ နိုင်ငံဖြတ်ကျော် e-commerce ဆောင်ရွက်ခဲ့သည့်တန်ဖိုးမှာ ယွမ်ငွေ ၃ ဒသမ ၄ ဘီလီယံ ကျော်ရှိခဲ့ပြီး၊ ၎င်းဇုန်အတွင်းရှိ နန်နင်းနှင့် ချုံးကျိုနယ်မြေများမှာ နိုင်ငံတော်အဆင့် နိုင်ငံဖြတ်ကျော် e-commerce ဘက်စုံ စမ်းသပ်ဇုန်များ ဆောင်ရွက်ရန်အတည်ပြုပေးထားသည့် နယ်မြေများဖြစ်ကြပါသည်။

ကွမ်ရှီး၏ နိုင်ငံဖြတ်ကျော် e-commerce ဆောင်ရွက်ရေး ကြိုးပမ်းမှုများကြောင့် အာဆီယံနိုင်ငံများမှ ပါရမီရှင်များကို ပိုမိုဆွဲဆောင်နိုင်လျက်ရှိပါသည်။ Lazada Cross-Border Eco-Innovation Service Center (နန်နင်း) ကို Tus-Innovation တွင် ၂၀၁၉ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး၊ အရှေ့တောင်အာရှနိုင်ငံများမှ တိုက်ရိုက် Live ထုတ်လွှင့်သူပေါင်း ၂၀၀ ကျော်ကို အလုပ်ခန့်ထားနိုင်ခဲ့ပါသည်။ ၎င်းတိုက်ရိုက် Live ထုတ်လွှင့်သူ များအတွက် သင်တန်းများနှင့် ပြိုင်ပွဲများကိုလည်း ကျင်းပပေး လျက်ရှိပါသည်။ တရုတ်-အာဆီယံကုန်စည်ပြပွဲကာလများတွင်လည်း အာဆီယံနိုင်ငံများမှ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံတွင် ဈေးကွက်ရရှိစေရန် နာမည်ကျော်ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ တိုက်ရိုက်ထုတ်လွှင့်ပြသစေခဲ့ပါသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများသည် နိုင်ငံဖြတ်ကျော် e-commerce ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုများကို ပိုမိုမြှင့်တင်နိုင်ကာ၊ နည်းပညာပါရမီနှင့်သတင်းအချက်အလက်အပါအဝင် e-commerce ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာနိုင်မည်ဟုမျှော်လင့်ကြောင်း ကွမ်ရှီးဒေသတွင်း ကူးသန်းရောင်းဝယ်ရေးဌာနမှ ပြောရေး ဆိုခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက မှတ်ချက်ပြုပြောကြားထားပါသည်။ ရင်းမြစ်၊ China Daily (၁၀.၁၀.၂၀၂၁)

Source: ဒေါက်တာရွှေစင်ကို-စီးပွားရေးသံမှူး(နန်နင်း)

## ဂျပန်အစိုးရသည် ပြည်တွင်းရှိ ထိပ်တန်းလေကာသ်းထစ် စပါးခင်းများစာရင်းကို စိစစ်ထုတ်ပြန်နိုင်ရန်ပြင်ဆင်နေ

ဂျပန်အစိုးရသည် ပြည်တွင်းရှိ ရိုးရာမပျက် လေကာသ်းထစ်ပုံစံစိုက်ပျိုးထားသည့် ထိပ်တန်းစပါးခင်း ၁၀၀ ၏ စာရင်းကို ထုတ်ပြန်နိုင်ရန် ပြင်ဆင်နေကြောင်း သိရပါသည်။ လေကာသ်းထစ် စပါးစိုက်ခင်းများကို တောင်ထူထပ်သည့်နေရာဒေသများတွင် အများဆုံးတွေ့ရှိရပြီး လက်ရှိစပါးခင်းများ၏ စာရင်းများမှာ လွန်ခဲ့သည့် ၂၂ နှစ်ခန့်က အဆိုပါစပါးခင်းများကို ရှေးမူမပျက် ထိန်းသိမ်းနိုင်ရန်ရည်ရွယ်ကာ ပြုစုထားသည့်စာရင်းများဖြစ်ပါသည်။ ၎င်းတို့အနက် စပါးခင်းအရေအတွက် ၁၃၄ ခုမှာ ပျက်စီးနေသည့် အနေအထားသို့ ရောက်ရှိနေသည်ဟု သိရပါ သည်။

လေကာသ်းထစ် စပါးစိုက်ခင်းများ၏ စာရင်းကိုပြုစုရန်နှင့် စပါးခင်းများထိန်းသိမ်းရန်အတွက် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (MAFF) အနေဖြင့် စိုက်ပျိုးရေးသမဝါယမအစုအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင်ပုဂ္ဂလိကကုမ္ပဏီများအား စိုက်ခင်းများစာရင်းပြုစုရာတွင် ပံ့ပိုးကူညီပေးကြရန်အစီအစဉ်တစ်ရပ်ဖော်ဆောင်မည်ဖြစ်ကြောင်း သိရပါသည်။ လက်ရှိဆောင်ရွက်မည့်စာရင်းကို (MAFF) ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၏ ဆွေးနွေးမှုအရ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ၌ရှိခဲ့သည့် အုပ်ချုပ်ရေးနယ်မြေ ၁၇ ခုအပေါ် ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ ခူမာမိုတိုစီရင်စုရှိ မာရူရာမာခရိုင်ရှိ လေကာသ်းထစ် စပါးစိုက်ခင်း ၁၀၀၀ ခန့်နှင့် မီအဲစီရင်စုစသည့် ဂျပန်နိုင်ငံတွင် လေကာသ်းထစ် စပါးစိုက်ခင်းအများအပြားရှိသည့်ဒေသများကို အဓိကစာရင်းပြုစုထားခြင်းဖြစ်ပါသည်။

အဆိုပါလေကာသ်းထစ် စပါးစိုက်ခင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဂျပန်နိုင်ငံရိုးရာလယ်ယာစိုက်ပျိုးမှု အလေ့အထနှင့် တောတောင်ရေမြေသဘာဝကို ထိန်းသိမ်းခြင်းများအတွက်ရည်ရွယ်ကာ တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်၌ ဒေသခံလယ်သမားများ၏ ပူးပေါင်းပါဝင်မှုအပြင် ဒေသခံအစိုးရများ၊ စိုက်ပျိုးရေးသမဝါယမအသင်းအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဆောင်ရွက်နေကြသည့် ပုဂ္ဂလိကကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုမှာလည်း လွန်စွာအရေးပါပါသည်။

အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် မည်သည့်စပါးအမျိုးအစားကိုမဆို စိုက်ပျိုးသည်ဖြစ်စေ ဒေသတွင်းလေကာသ်းထစ်စပါးစိုက်ပျိုးနည်းစနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ဟူသည့် ရည်မှန်းချက်ဖြင့်ဆောင်ရွက်မည်ဆိုပါက ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်အတွက်သင့်လျော်သည့်လုပ်ထုံးလုပ်နည်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရန် အောက်တိုဘာလအတွင်း ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း MAFF ဝန်ကြီးဌာနမှပြောကြားခဲ့ပါသည်။

MAFF မှ အဆိုပါလုပ်ငန်းစဉ်တွင်ပါဝင်သည့် ပုဂ္ဂလိကကုမ္ပဏီများအား လေကာသ်းထစ်စပါးစိုက်ခင်းများကို ၎င်းတို့၏ အင်တာနက်ဝက်ဘ်ဆိုဒ်များနှင့် လူမှုမီဒီယာများတွင် လူအများသိစေရန် မြှင့်တင်ကြော်ငြာပေးရန် အဆိုပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင် လေကာသ်းထစ်စပါးစိုက်ခင်းမြှင့်တင်ရေးအစီအမံများအဖြစ် ရုံးတွင်းသင်တန်းများကို ဒေသအလိုက်ဆောင်ရွက်သွားရန် MAFF က စီစဉ်လျက်ရှိပါသည်။

ဂျပန်နိုင်ငံ၌ ၂၀၁၉ ခုနှစ်တွင် လေကာသ်းထစ် စပါးစိုက်ခင်းများမြှင့်တင်ရေးအတွက် အစိုးရမှဘဏ္ဍာရေးပံ့ပိုးမှုများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ပံ့ပိုးမှုများပါဝင်သည့် ဥပဒေတစ်ရပ်ကို လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ စီရင်စုနယ်မြေ ၃၉ ခုရှိ လေကာသ်းထစ်စပါးစိုက်ပျိုးမှု ဧရိယာ ၆၇၆ ခုတွင် အဆိုပါဥပဒေနှင့်အညီ ပံ့ပိုးမှုများဆောင်ရွက်နေပြီဖြစ်ကြောင်းသိရပါသည်။

သို့ဖြစ်ရာ အဆိုပါစီရင်စုများရှိ လေကာသ်းထစ်စပါးစိုက်ခင်းများသည် MAFF မှ ပြုစုဆောင်ရွက်မည့် လေကာသ်းထစ်ပုံစံစိုက်ပျိုးထားသည့် ထိပ်တန်းစပါးခင်းစာရင်းအသစ်တွင် ပါဝင်နိုင်ကြောင်းမျှော်မှန်းနေကြပါသည်။

ရင်းမြစ်။The Japan Agriculture News

နန္ဒာဝင်း (စီးပွားရေးသံမှူး) -မြန်မာသံရုံး၊ တိုကျိုမြို့

## ပျားရည်အတုများကို ပစ်မှတ်ထား၍ တံဆိပ်ကပ်ဖော်ပြမှုဆိုင်ရာ စည်းမျဉ်းသစ်ဖြင့်ဆောင်ရွက်သွားမည့် အီးယူ

အီးယူဈေးကွက်သို့ ပျားရည်အတုများဝင်ရောက်နေမှုကို ရပ်တန့်နိုင်ရေးအတွက် လက်ရှိတံဆိပ်ကပ် ဖော်ပြမှုဆိုင်ရာ စည်းမျဉ်းများ (labelling rules)ကို ပြောင်းလဲသွားရန် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများနှင့် ဥရောပကော်မရှင်၏ စိုက်ပျိုးရေးကော်မရှင်နာတို့အကြား ပြုလုပ်ခဲ့သည့်အစည်းအဝေးတွင် သဘောတူညီခဲ့ကြကြောင်းသိရသည်။ အီးယူသည် ပျားရည်ပြည်တွင်းစားသုံးမှု၏ ၆၀ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သဖြင့် ၄၀ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုနေပါသည်။

ပျားရည်သည် မကြာခဏအားဖြင့် သတ်မှတ်စံချိန်စံညွှန်းများအားပြည့်မီခြင်းမရှိဘဲထုတ်လုပ်နေသည့်စားသောက်ကုန်အဖြစ်တွေ့ရှိရပြီး၊ ကမ္ဘာ့ပျားရည်အများဆုံးထုတ်လုပ်သည့်နိုင်ငံများမှ အရည်အသွေးနိမ့်ပျားရည်များ အီးယူဈေးကွက်သို့ ဝင်ရောက်နေသည်ဟုဆိုကာ ယင်းမှာအီးယူရှိပျားရည်လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့်ယှဉ်ပြိုင်နိုင်စွမ်းအပေါ်ထိခိုက်စေသည်ဟု အီးယူပျားမွေးမြူထုတ်လုပ်သူများက ကာလရှည်ကြာထောက်ပြပြောဆိုလျက်ရှိကြောင်း၊ ပျားရည်ထုတ်လုပ်ရာတွင် သကြားရည် (sugar syrup)များဖြင့်ရောစပ်ထုတ်လုပ်ခြင်းသည် အီးယူ၏ စံချိန်စံနှုန်းများနှင့်ကိုက်ညီမှုမရှိသော်လည်း ယင်းကို ခြေရာခံရန်ခက်ခဲကြောင်းသိရပါသည်။

အီးယူ၏ ပျားရည်ထုတ်ကုန်အတွက် တံဆိပ်ကပ်ဖော်ပြခြင်းဆိုင်ရာ လက်ရှိစည်းမျဉ်းများအရ အီးယူ၌ ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ (country of origin) ကို ဖော်ပြရန်လိုအပ်ကြောင်း၊ သို့သော် မတူညီသည့်နိုင်ငံများမှ ပျားရည်များကို ရောနှော၍ ထုတ်လုပ်ထားခြင်းဖြစ်လျှင် စည်းမျဉ်းသည်တိကျမှုမရှိဘဲ “Blend of EU honeys”၊ “Blend of non–EU honeys”၊ “Blend of EU and non–EU honeys” ဟူ၍သာ ဖော်ပြရခြင်းဖြစ်ကြောင်းသိရပါသည်။

ရောနှောပျားရည် (Honey Mixture) နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းရှင်းလင်းလင်း တံဆိပ်ကပ်ဖော်ပြရန်တိုက်တွန်းမှုကို ပြင်သစ်၊ ပေါ်တူဂီနှင့် ဆလိုဗေးနီးယားနိုင်ငံတို့က ဦးဆောင်ခဲ့ကြကြောင်း၊ လက်ရှိအီးယူကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသည့် အပျော်တမ်း ပျားမွေးမြူသူအများအပြားရှိသော ဆလိုဗေးနီးယားနိုင်ငံက အဆိုပါကိစ္စရပ်အားတွန်းအားပေး ဆောင်ရွက်လာခြင်းဖြစ်ကြောင်းသိရပါသည်။ အီးယူ၏ စိုက်ပျိုးရေးဆိုင်ရာကော်မရှင်နာဖြစ်သူ Janusz Wojciechowski က ပျားရည်အတွက် labelling rules ပြင်ဆင်ရန်လိုအပ်ချက်ကို အသိအမှတ်ပြုခဲ့ကြောင်းနှင့် အီးယူအဖွဲ့ဝင်နိုင်ငံအများစုကလည်း ယင်းကိုထောက်ခံကြကြောင်း ဆလိုဗေးနီးယား စိုက်ပျိုးရေးဝန်ကြီး Jožе Podgoršek က ပြောကြားခဲ့ပါသည်။ ဥရောပကော်မရှင်အနေဖြင့် ပျားရည်ဆိုင်ရာ Revised Draft Directive အတွက် ပြင်ဆင်ဆောင်ရွက်ရန် အစီအမံများထားရှိကြောင်း ၎င်းကထပ်လောင်း ပြောကြားပါသည်။

ဆလိုဗေးနီးယားနိုင်ငံအနေဖြင့် ရောနှောပျားရည်များကို တံဆိပ်ကပ်ဖော်ပြရာ၌ ၎င်းပျားရည်များကို ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ တစ်နိုင်ငံချင်းစီကို ဖော်ပြစေလိုခြင်းဖြစ်ကြောင်း၊ ပျားရည်ကို ရောစပ်ထုတ်လုပ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံတစ်ခုချင်းစီ၏ ပျားရည်အချိုးအစားမည်မျှပါဝင်သည်ကိုတံဆိပ်ကပ်ဖော်ပြရန် အီးယူနိုင်ငံအချို့ကလိုလားကြောင်း၊ ဆလိုဗေးနီးယား စိုက်ပျိုးရေးဝန်ကြီး Jožе Podgoršek က ပြောကြားခဲ့ပါသည်။ ပျားရည်အတွက် labelling rules ပြင်ဆင်ရေးအဆိုပြုချက်ကို ၂၀၂၂ ခုနှစ်အစောပိုင်းတွင် အပြီးသတ်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း သိရပါသည်။ ရင်းမြစ် – https://www.politico.eu/
Soruce: ကျော်စိန်ဝင်း–စီးပွားရေးသံမှုး(ဘရပ်လ်ဆဲမြို့)

## ပြည်တွင်းကုန်သွယ်မှုသတင်း

### တနင်္သာရီတိုင်းဒေသကြီးအတွင်း ကင်းမွန်ရာသီရောက်ရှိပြီဖြစ်သောကြောင့် ကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်တွင် လုပ်ငန်းခွင်စတင်ဝင်ရောက်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကင်းမွန်ရာသီစတင်ရောက်ရှိပြီဖြစ်သောကြောင့် ကင်းမွန်မီးထွန်းလှေများ ပင်လယ်ပြင်တွင် လုပ်ငန်းခွင်စတင်ဝင်ရောက်ပြီဖြစ်ကြောင်းသိရသည်။ သီတင်းကျွတ်ကာလလွန်မြောက်ပြီးနောက် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ကင်းမွန်လှေများ ကင်းမွန်ဖမ်းဆီးရန်အတွက် ပင်လယ်ပြင်အတွင်း ထွက်ခွာနေပြီဖြစ်ကြောင်း သိရသည်။

ကင်းမွန်ရာသီမှာ မိုးလေကင်းစင်သည့်အချိန်တွင် လုပ်ကိုင်ရသည့်ရေလုပ်ငန်းအမျိုးအစားဖြစ်သော်လည်း ငါးသားပေါက်ရာသီသတ်မှတ်မှုနှင့် ရာသီဥတုဆိုးရွားမှုများကြောင့် ယခုနှစ်တွင် လုပ်ငန်းလုပ်ကိုင်ချိန် နည်းပါးနိုင်ကြောင်းသိရသည်။ “၁၀လပိုင်းလောက်မှ ကျွန်တော်တို့လုပ်ငန်းပြန်လုပ်ရတယ်။ ၈လပိုင်းမှာလှေတွေပြင်ဆင်ကြတယ်။ စက်တင်ဘာလမှာလှေတချို့ထွက်ကြပေမယ့် ရာသီဥတုဖောက်နေတဲ့အတွက် လှေတွေအရှုံးပေါ်တာမျိုးဖြစ်ခဲ့တယ်။ ကျွန်တော်တို့လုပ်ငန်းက သီတင်းကျွတ်ပြီးရင် ရာသီစတင်တယ်လို့ပြောနိုင်ပါတယ်၊ အောက်တိုဘာလအကုန်ပိုင်းလောက်ကနေ မေလလောက်အထိ ကင်းမွန်ဖမ်းကြတယ်ပေါ့။ လာမယ့်နှစ်ဆိုရင် ၄ လပိုင်းမှာ ငါးဖမ်းရာသီပိတ်မယ်ဆိုတော့ အလုပ်လုပ်ရတဲ့ကာလ အရမ်းနည်းသွားလိမ့်မယ်၊ လောင်စာဆီက လှေကြီးကို အလုံး ၃၀ (ပီပါ ၃၀) လောက်ထည့်ရတယ်၊ အရင်တစ်သိန်းကျော် အခု သုံးသိန်းဖြစ်နေတယ်။ ရေခဲစရိတ်လည်းရှိသေးတယ်။ ရေခဲက ကျပ် သုံးထောင်ကျော်ကနေ ကျပ် ငါးထောင်ကျော်နေပြီ။ အခက်အခဲတွေကတော့အများကြီးရှိနိုင်တယ်၊ မြိတ်ခရိုင်အတွင်းမှာ ကင်းမွန်လှေတွေက တ၀ (ဒေသခံ ကမ်းဝေး) ၃၀၀ ကျော်၊ ဒေသခံမီးထွန်းလှေတွေ အစီးတစ်ထောင်ခန့်ရှိတယ်”ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းထွန်းက ပြောကြားသည်။

ယခုနှစ် ငါးဖမ်းရာသီ သတ်မှတ်မှုကို မေ၊ ဇွန်၊ ဇူလိုင်လများအဖြစ် သတ်မှတ်ထားပြီး လာမည့်နှစ်တွင် ရှေ့တစ်လစီတိုးသွားရန် သတ်မှတ်ထားသည့်အတွက် ဧပြီလတွင် ကင်းမွန်မီးထွန်းလှေများ ရာသီစတင်ရပ်နားရဖွယ်ရှိနေကြောင်း သိရသည်။ "ကင်းလှေတွေက မြန်မာလဆန်း၊ လဆုတ်ရက်တွေ တွက်ချက်ပြီး ကင်းမွန်ဖမ်းရတာပါ။ မြန်မာလဆုတ် ၂ ရက်နေ့က စတင်ပြီး လဆန်းအထိ လုပ်ကိုင်ရတယ်။ တစ်လမှာဆိုရင် ပင်လယ်ထဲမှာ ကျွန်တော်တို့ လုပ်ကိုင်တဲ့ ရက်က ၂၃ ရက်အထိပဲ ရှိနိုင်တယ်။ ဈေးကွက်အနေထားက အရင်ကဆိုရင် တရုတ်တွေဝယ်တယ်။ အခုကိုဗစ်ကြောင့် မဝယ်တော့ဘူး။ ကင်းမွန်ပြုတ်ခြောက်လုပ်တဲ့လုပ်ငန်းတွေလည်းမလာတော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ထိုင်းဈေးကွက်ကိုပဲ မှီခိုနေရတယ်။ ဈေးကွက်အနေထားက ပစ္စည်းရှားရင်ဈေးကောင်းရတယ်၊ ပစ္စည်းပေါလာရင်ဈေးမကောင်းတော့ဘူး။ မောတောင်နယ်စပ်လမ်းကြောင်းကနေ အအေးခဲမလုပ်ဘဲ ကင်းမွန်အစိမ်းပို့နိုင်ရင်တော့ ကျွန်တော်တို့အတွက် ကုန်ကျစရိတ်ပိုပြီး သက်သာလာမယ်၊ အခုလက်ရှိအနေထားမှာ မောတောင်နယ်စပ်လမ်းကြောင်းကနေ ကင်းမွန်တွေကို အစိမ်းပို့ခွင့်မပေးထားဘူး၊ အအေးခဲ ဘလောက်တုံးလုပ်ရတယ်။ အဲဒီတော့ ကျွန်တော်တို့ မြိတ်ဒေသရဲ့ မီတာခဈေးမြင့်နေမှုနှင့်ဆိုရင် အရမ်းဈေးမြင့်သွားပြီ။ ရန်ကုန်မြို့မှာ အအေးခဲခ တစ်ကီလိုကို ကျပ် ၁၅၀ ခန့်ပဲရှိတယ်။ မြိတ်မှာက တစ်ကီလို အအေးခဲခက ကျပ် ၅၀၀ ခန့် ရှိနေတော့ အအေးခဲခမှာကို ကျွန်တော်တို့ အတော်လေးကို အထိနာပါတယ်" ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းအောင်(ခ) ဦးဖိုးကောင်းက ပြောကြားသည်။

ကင်းမွန်ရာသီအစတွင် ကင်းမွန်ဆိုက်ကြီးဖြစ်သည့် ၁၊ ၂၊ ၃ ဆိုက်များမှာ တစ်ဗန်း ( ၁၁ ပိဿာဝင်ဗန်း ) လျှင် ကျပ်တစ်သိန်း ကျော်ရှိပြီး ဆိုက်ငယ်များမှာ တစ်ဗန်းလျှင် ကျပ်ခြောက်သောင်းအထိ ဈေးရှိနေကြောင်းသိရသည်။ ရာသီအဖွင့်ဈေးကွက်ဖြစ်သည့်အတွက် ဈေးနှုန်းမငြိမ်သေးဘဲ ကင်းမွန်ရရှိမှုအပေါ် မူတည်ပြီး ထိုင်းဈေးကွက်မှ ဈေးကစားနိုင်သေးကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

Source:https://news-eleven.com/article/218333

## လာမည့်နှစ်ဆန်းပိုင်းတွင် ပြည်ပခရီးသွားများကို မြန်မာနိုင်ငံက ပြန်လည်လက်ခံနိုင်ရန် လုပ်ဆောင်နေ

မြန်မာနိုင်ငံက ပြည်ပခရီးသွားများကို လာမယ့် ၂၀၂၂ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ပြန်လည်လက်ခံနိုင်ဖို့ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနကလုပ်ဆောင်နေပါတယ်။ နိုင်ငံခြားခရီးသွားများပြည်တွင်းကိုပြန်လည်ဝင်ရောက်နိုင်ဖို့ လုပ်ထုံးလုပ်နည်းတွေကို အပြီးသတ်ဆောင်ရွက်နေပြီး အာဆီယံဒေသတွင်းနိုင်ငံများထံက ညှိသည်တွေကို ဦးတည်သွားမယ်လို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဌေးအောင်က ပြောကြားထားပါတယ်။

လူဦးရေ ၅၅ သန်းရှိတဲ့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုအသစ်တွေ အရှိန်ကျဆင်းလာပြီးနောက်ပိုင်း သက်ဆိုင်ရာအာဏာပိုင်တွေအနေနဲ့ ပြည်တွင်းခရီးသွားလာမှုဆိုင်ရာ တားမြစ်ကန့်သတ်ချက်တွေကို ရုတ်သိမ်းထားပါတယ်။ ဒီလို ဖြေလျှော့မှုတွေကြောင့် အစိုးရရုံးပိတ်ရက်၊ ရိုးရာအားလပ်ရက်တွေမှာ ပြည်တွင်းခရီးသွားအချို့ ခရီးထွက်ဖို့ အားပေးနေ ပြီဖြစ်တယ်လို့ ယင်းက ဆိုပါတယ်။ ထိုင်းနဲ့ နှစ်နိုင်ငံခရီးသွားနယ်နမိတ်အတွက် လိုအပ်တဲ့ အစီအစဉ်တွေကို ကျွန်တော်တို့ ပြင်ဆင်နေတယ်လို့ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ပထမ သုံးလပတ်မှာ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်တို့က ခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ဖို့ ရည်မှန်းထားလျက်ရှိပါ တယ်။။

မြန်မာနိုင်ငံက ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနိုင်ငံတို့နဲ့ နယ်နမိတ်ချင်းထိစပ်နေပြီး နိုင်ငံတကာလေကြောင်းခရီးစဉ် ပျံသန်းပြေးဆွဲမှုကိုလည်း ကိုဗစ်-၁၉ ကန့်သတ်ချက်အဖြစ် ပိတ်ပင်ထားဆဲဖြစ်ပါတယ်။ ပြန်လည်ဖွင့်လှစ်မယ့် ပထအဆင့်မှာ နိုင်ငံခြားခရီးသွား (၃) သိန်းခန့် လာရောက်မယ်လို့ခန့်မှန်းထားပြီး နိုင်ငံအတွင်းက ဟိုတယ်နဲ့ တည်းခိုခန်းထက်ဝက်ခန့် လုပ်ငန်းရပ်နားထားပေမယ့် အခန်းပေါင်း ၉ သောင်း ခန့် ကျန်ရှိနေတယ်လို့ ဦးဌေးအောင်က ပြောပါတယ်။

မြန်မာ့ခရီးသွားလုပ်ငန်းက ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီ ၂၀၁၉ ခုနှစ်မှာ စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ ၆ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးခဲ့တယ်လို့ World Travel & Tourism Council က ဆိုပါတယ်။ ''အလားအလာက ရှိနေတယ်။ ဒါပေမယ့် ကပ်ရောဂါမတိုင်ခင်က ရောက်နေတဲ့အဆင့်ကို ပြန်ရောက်ဖို့ဆိုတာ နှစ်ပေါင်းများစွာကြာလိမ့်မယ်'' လို့ ဦးဌေးအောင်က ပြောပါတယ်။ Source: https://www.facebook.com/BETVBusiness

## ကင်စွန်းဝါးဈေးကွက် ကောင်းမွန်နေသည့်အတွက် မျိုးပင်ထုတ်လုပ်ရောင်းချမှုများပြားလာ

ကင်စွန်းဝါးဈေးကွက် ကောင်းမွန်နေသည့်အတွက် မျိုးပင်(ပျိုးပင်) ထုတ်လုပ်ရောင်းချမှု များပြားလာကြောင်း စီးပွားဖြစ်ဝါးစိုက်ပျိုးသူများထံမှသိရသည်။ "ကင်စွန်းဝါးက မျှစ်ချိုးရောင်းလို့လည်းရတယ်။ ဝါးအဖြစ်နဲ့ ခုတ်ရောင်းလို့လည်းရတယ်။ ဈေးကွက်ကောင်းမွန်တဲ့အတွက် စိုက်ပျိုးသူများလာတာကြောင့် အခုနောက်ပိုင်းမှာ မျိုးပင်ထုတ်လုပ်ရောင်းချရတာပိုများတယ်။

သူ့ရဲ့မျှစ်အရသာကလည်းတော်တော်လေးချိုတယ်၊ အရသာကောင်းမွန်တယ်။ ကင်စွန်းဝါးကထွက်တဲ့မျှစ်က ဈေးကောင်းရတာကြောင့် စိုက်ပျိုးဖို့သင့်တော်တဲ့ ဝါးတစ်မျိုးဖြစ်ပါတယ်။ ကင်စွန်းဝါးကထွက်တဲ့ မျှစ်တစ်ပိဿာကို ကျပ် သုံးထောင်ကနေ ကျပ်ငါးထောင်အတွင်း ပေါက်ဈေးရှိနေပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်မှ ဝါးစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ် နေသူ မစုမွန်ကပြော သည်။

သီးနှံအများစု ဈေးကွက်ထိခိုက်မှုဖြစ်ပေါ်နေပြီး၊ မြေဆီ၊ မြေသြဇာနှင့် သွင်းအားစုစရိတ်များ မြင့်တက်နေချိန်ဖြစ်သဖြင့် ဈေးကွက်အာမခံချက်ရှိပြီး သဘာဝအတိုင်းစိုက်ပျိုးထုတ်လုပ်နိုင်သည့် ဝါးစိုက်ပျိုးရေးကို လူအများက စိတ်ပါဝင်စားလာကြခြင်းဖြစ်သည်။ “ဝါးစိုက်ပျိုးတာက စိုက်ပျိုးပြုစုရတာလည်းမခက်ခဲဘူး။ ပထမတစ်နှစ်လောက်ပဲ သေချာဂရုစိုက်ပေးရတာ၊ နောက်ပိုင်းမှာတော့ တအားကြီးဂရုစိုက်စောင့်ရှောက်နေရတာမျိုးမရှိပါဘူး။ မြေပြုပြင်ကျင်းတူးပြီးစတင်စိုက်ပျိုးတဲ့အချိန်တုန်းက နွားချေးဆွေးနဲ့ စပါးခွံ စတာတွေထည့်သွင်းစိုက်ပျိုးပေးခဲ့တာကလွဲလို့ နောက်ပိုင်းမှာ ဘာမြေဆီ၊ မြေသြဇာကိုမှ ထပ်မသုံးလည်းဖြစ်ထွန်းပါတယ်။ ပိုးသတ်ဆေး၊ မြက်သတ်ဆေးလည်း မသုံးပေးရတဲ့အတွက် စိုက်ပျိုးကုန်ကျစရိတ်က သိပ်မများပါဘူး”ဟု မစုမွန်က ဆက်လက်ပြောသည်။

ဝါးစိုက်ပျိုးရာတွင် ဇွန်၊ ဇူလိုင်လတို့၌ စတင်စိုက်ပျိုးလေ့ရှိပြီး၊ တစ်နှစ်ပတ်လည်လုံး မျှစ်ထုတ်ယူမည့် ဝါးခြံမျိုးဖြစ်ပါက မိုးရွာသွန်းမှုမရှိသည့်ကာလမျိုးတွင် ရေပေးသွင်းရန်လိုအပ်ကြောင်းသိရသည်။ ကင်စွန်းဝါး မျိုးပင်(ပျိုးပင်) ၃ လသားအရွယ် တစ်ပင်လျှင် လက်ကားဈေးနှုန်း(၁၅၀၀)ကျပ်၊ လက်လီဈေးနှုန်း ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ် ဈေးနှုန်းများဖြင့် ထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။ Source: https://greenwaymyanmar.com/posts/kinsoom_bambo_seedling_market

## ပြည်ပကုန်သွယ်မှုသတင်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူလာသောကြောင့် ပြည်တွင်း၌ ကြက်သွန်နီဈေးမြင့်တက်လာ

မြန်မာနိုင်ငံမှကြက်သွန်နီများကို ယခုအခါတွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူလာသောကြောင့် ပြည်တွင်း၌ ကြက်သွန်နီဈေးမြင့်တက်လာကြောင်း မန္တလေးမြို့ရှိ ကြက်သွန်နီကုန်သည်များထံမှ သိရသည်။

နွေကြက်သွန်နီ စတင်ပေါ်သည့် မတ်လတွင် ပြည်တွင်း၌ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၂၅၀ မှ ၃၀၀ ကျပ်အထိသာဈေးရရှိခဲ့သဖြင့် ကြက်သွန်နီစိုက်တောင်သူများအရှုံးပေါ်ခဲ့ကြောင်း၊ ထို့နောက် တစ်ပိဿာလျှင် ကျပ် ၃၀၀ ဖြင့် ရောင်းအားကောင်းနေသည့်အချိန်တွင် တရုတ်နိုင်ငံက COVID-19 ရောဂါကြောင့် Lockdown ချသည့်အတွက် တရုတ်နိုင်ငံသို့ တင်ပို့သောကြက်သွန်နီကုန်သည်များအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လှည့်လာပြီးရောင်းချသောကြောင့် ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀ အထိ ထိုးကျခဲ့ကြောင်း၊ ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကြက်သွန်နီဝယ်ယူလာသောကြောင့် ပြည်တွင်း၌ ကြက်သွန်နီတစ်ပိဿာလျှင်(တောဈေး) ကျပ် ၅၀၀ အထိ ဈေးမြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ ရွှေမန်းလှ ကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်က ပြောကြားသည်။

“တောင်သူနွေကြက်သွန်ပေါ်ချိန် ၃ လ၊ ၄ လပိုင်းအချိန် ကြက်သွန်က ကွင်းထဲကပေါ်ချိန်ကတည်းက တစ်ပိဿာ ကျပ် ၂၀၀၊ ၂၅၀ကျပ်၊ ၃၀၀ကျပ်နဲ့ရောင်းခဲ့ရတော့ တောင်သူက စိုက်စရိတ်ထက် ထက်ဝက်ရှုံးခဲ့တယ်။ ၃၀၀ ကျပ်တန်လေး သွက်သွက်ရောင်းနေရာကနေ တရုတ်ပြည်က မြန်မာလိုဆို ဝါဆိုဦးပေ့ါ။ အဲဒီကာလမှာ ကိုဗစ်နဲ့ လော့ဒေါင်းချလိုက်တော့ ကုန်စိမ်းတင်ပို့တဲ့ ကားအစီးရေ ၃၀၀၀ ကျော်လောက်ပိတ်မိနေတာ။ အဲဒါနဲ့ ကြက်သွန်တွေ ပြည်တော်ပြန်လာပြီး ဒီမှာဖြစ်သလို ပြန်ရောင်းလိုက်ရတော့ ကြက်သွန်ဈေးက ၃၀၀ ကျပ်ကနေ ၂၀၀ ကျပ်အထိဈေးပြန်ကျသွားတယ်။ ၉ လပိုင်းလဆန်းလောက်မှာ ဗီယက်နမ်ကို ကုန်သည်အချို့က မြဝတီလမ်းကြောကနေ လမ်းကြောစမ်းရင်းတင်ပို့တော့ အောင်သွားတာပေ့ါ။ အခု ၉ လပိုင်းလကုန်လောက်မှာ တရုတ်က ဝယ်လိုက်တော့ ကြက်သွန်ဈေးလေး ၂၀၀ ကျပ်ကနေ၊ ၂၅၀ ကျပ်ပြန်ဖြစ်လာတာ။ ဗီယက်နမ်မှာ အဝင်များသွားတော့ အဝယ်ရပ်နေတဲ့အချိန်နဲ့ ဘင်္ဂလားဒေ့ရှ်က ဝင်လာတဲ့အခါကျတော့ အခုကြက်သွန်ထိပ်စတွေကို ၅၀၀ ကျပ်ကနေ ၇၀၀ ကျပ်အထိပေးဝယ်လိုက်တော့ တစ်နိုင်ငံလုံး တောဈေး ၅၀၀ ကျပ်ဖြစ်သွားတယ်” ဟု ၎င်းကပြောကြားသည်။

လက်ရှိတွင်ကြက်သွန်နီဈေးအနေဖြင့် တစ်နိုင်ငံလုံးတွင် တောဈေး ၅၀၀ ကျပ်ဖြစ်နေပြီး မန္တလေးကြက်သွန် ဈေးကွက်တွင်မူ ကြက်သွန်နီလက်ကျန်နည်းပါးနေပြီး ကျန်ရှိသည့်ကုန်သည်များကလည်း လက်လီဈေးတစ်ပိဿာလျှင် ၇၀၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းချနေကြောင်းသိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4047-onion-prices-rise-domestically.html

## လျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေး

လျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ စသည်တို့တွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးဆွေးနွေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်နိုင်မည့် အဓိကနယ်ပယ်များဖြစ်သော လျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး၊ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အတွက် လိုအပ်သည့်ဘိလပ်မြေ၊ သံနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍအတွက် ဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်တင်ပို့နိုင်သည့်လုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရုရှား-မြန်မာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြောင်းသိရသည်။

ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအန်နာသိုလီဘူလေ့ချ်နိကော့က နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအား အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် Eurasian အဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံသို့ ရုရှားစီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့်နှစ်နိုင်ငံအကြားအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကိစ္စများအား အကောင်အထည်ဖော်ရေးစသည်တို့ ဆွေးနွေးခဲ့သည်။ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း (RMFAC) နှင့် မြန်မာ - ရုရှား စီးပွားရေး ဖွံ့ဖြိုးမှုအသင်း (MRBDA) တို့၏ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးခြင်းအခမ်းအနားကို အောက်တိုဘာ ၂၆ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ RMFAC ၏ ဒုတိယဥက္ကဋ္ဌ အန်နာသိုလီဘူလေ့ချ်နိကော့နှင့် တာဝန်ရှိသူများ၊ MRBDA ဥက္ကဋ္ဌဦးသန်းဇော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ - ရုရှား စီးပွားရေးဖွံ့ဖြိုးမှုအသင်း၏ဥက္ကဋ္ဌတို့က ရုရှား - မြန်မာ နှစ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ရုရှား - မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာအတူတကွ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာကဏ္ဍ၊ သတ္တုလုပ်ငန်းဆိုင်ရာကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ၊ သယ်ယူပို့ဆောင်ရေးစသည့်ကဏ္ဍများကို နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အသင်းများအကြား ကုန်သွယ်မှုများတိုးမြှင့်အကောင်အထည်ဖော်ရန်အတွက် အကြိုညှိနှိုင်းသဘောတူနားလည်မှု စာချွန်လွှာရေးထိုးခဲ့ခြင်းဖြစ်သည်။ Source:https://news-eleven.com/article/218738

# အထူးဆောင်းပါးများ

## ကမ္ဘာ့နိုင်ငံများ၏ စွမ်းအင်ဆိုင်ရာ အကျပ်အတည်းများ

၂၀၂၀ ပြည့်နှစ်က ကိုရိုနာကပ်ရောဂါကြောင့် စွမ်းအင်ဈေးကွက် ထိခိုက်ခဲ့သည့်အတွက် ကမ္ဘာ့ရေနံထုတ်လုပ်သည့် နိုင်ငံများသည် ရေနံထုတ်လုပ်မှုကို ဖြည်းဖြည်းချင်းလျှော့ချခဲ့ကြပါသည်။ ဥရောပနိုင်ငံများတွင် သဘာဝဓာတ်ငွေ့ရှားပါးလာမှုကြောင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာသဖြင့် ရေနံစိမ်းမှ စွမ်းအင်၊ လျှပ်စစ်ဓာတ်အားကို ပြောင်းလဲထုတ်လုပ်လာကြပါသည်။ ရေနံစိမ်းလိုအပ်ချက်မြင့်မားလာပြီး လောင်စာဆီဈေးကွက်ကို ပိုမိုအကျပ်ရိုက်လာကာ ကမ္ဘာ့နိုင်ငံများတွင် စက်သုံးဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်လာလျက်ရှိပါသည်။

ယခုနှစ် ၂၀၂၁ ခုနှစ်တွင် အီရန်နိုင်ငံမှ ထုတ်လုပ်သည့်ရေနံစည်များ ကမ္ဘာ့ဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာခြင်းသည်လည်း အခွင့်အရေးကောင်းဖြစ်သော်လည်း အမေရိကန်နိုင်ငံက Shale ကျောက်မှ ရေနံစိမ်းထုတ်လုပ်သူများသည် ရေနံစည်ပမာဏများများကို လျှင်လျှင်မြန်မြန်ထုတ်လုပ်နိုင်ရန် လုံလောက်သည့်ရင်းနှီးမြှုပ်နှံမှုများ လုပ်ထားခြင်းမရှိကြောင်း ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော စက်သုံးဆီကုန်သည်များက ပြောကြားပါသည်။

၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် ပြီးခဲ့သည့်သီတင်းပတ်က ရေနံစိမ်း (Brent crude) တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ကျော်ထိ ဈေးနှုန်းမြင့်တက်လာသည့်အတွက် ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့ ဦးဆောင်၍ အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် ၎င်း၏ စီးပွားဖက်နိုင်ငံများဖြစ်ကြသည့် ၂၃ နိုင်ငံပါဝင်သည့်အိုပက်+အဖွဲ့သည် ယခုလအစောပိုင်းကတွေ့ဆုံခဲ့ကြပါသည်။ အိုပက်+အဖွဲ့

အား အချို့သောကုန်သည်များနှင့် အမေရိကန်၊ အိမ်ဖြူတော်က ရေနံထုတ်လုပ်မှုတိုးမြှင့်မည့်အစီအစဉ်ကို လျှင်လျှင်မြန်မြန် ကြေညာပေးရန်တောင်းဆိုခဲ့ကြပါသည်။ အိုပက်+အဖွဲ့အနေနှင့်ရေနံထုတ်လုပ်မှုကို တဖြည်းဖြည်းတိုးမြှင့်ထုတ်လုပ်ရန် သဘော တူညီခဲ့ကြသော်လည်း တစ်ချို့သောနိုင်ငံများသည် သတ်မှတ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်မှုမရှိကြသည့်အတွက် ရောင်းလို အားကြပ်တည်းနေမည်ဖြစ်ကြောင်း၊ အိုပက်အဖွဲ့၏ နောက်တစ်ကြိမ် အစည်းအဝေးမတိုင်ခင်ထိ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေမည်ဖြစ်ကြောင်း Fujitomi Securities Co Ltd ၏ သုတေသီချုပ် Mr. Saito က ပြောကြား ခဲ့ပါသည်။ အိုပက်+ နိုင်ငံများသည် ယခုလအစောပိုင်းက တစ်ရက်လျှင် ရေနံစည် ၄၀၀၀၀၀ ထုတ်လုပ်ရန် သဘောတူခဲ့ကြပါသည်။ သို့သော် ဆော်ဒီအာရေဗျနိုင်ငံက ယမန်နှစ်က သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးဈေးကွက်မတည်မငြိမ်ဖြစ်ခဲ့မှုကို ကာကွယ်ရန် အတွက် လျင်လျင်မြန်မြန်ရေနံထုတ်လုပ်မှုမြှင့်တင်ရန် OPEC+ ၏သဘောတူညီမှုကို ငြင်းဆိုကြောင်း ၁၄-၁၀-၂၀၂၁ ရက်နေ့ တွင် ရုရှားနိုင်ငံ၊ မော်စကိုမြို့၌ ကျင်းပသည့် 4th Global Forum of Young Diplomats တွင် စွမ်းအင်ဝန်ကြီးဖြစ်သူ Prince Abdulaziz bin Salman က ပြောကြားခဲ့ပါသည်။ ယင်းကဲ့သို့ ငြင်းဆိုပြီးနောက် စက်သုံးဆီဈေးနှုန်းသည် ၁ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်ဆီ IEA ကပြောကြားခဲ့ပါသည်။

**အမေရိကန်နိုင်ငံ**

အမေရိကန်နိုင်ငံတွင် ဓာတ်ဆီနှင့် ပေါင်းခံဆီများ ဝယ်လိုအား ချက်ချင်းမြင့်တက်လာသည့်အတွက် ၁၄-၁၀-၂၀၂၁ ရက်နေ့တွင် စက်သုံးဆီဈေးနှုန်းသည် မျှော်မှန်းထားသည်ထက် ပိုမိုမြင့်တက်လာပါသည်။ ဆောင်းရာသီရောက်ခါနီးကာလ ဖြစ်သည့်အတွက် သဘာဝဓာတ်ငွေ့ ဈေးနှုန်းများလည်း မြင့်တက်နေသည့်အတွက် စက်သုံးဆီဖြင့်အနွေးပေးနိုင်ရန်အတွက် ဝယ်လိုအားမြင့်တက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ ရေနံစိမ်းကြိုရောင်းကြိုဝယ်ဈေးနှုန်းသည် ၁၃-၁၀-၂၀၂၁ ရက်နေ့က သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် ၁၄-၁၀-၂၀၂၁ ရက်နေ့တွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၂၃ ထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၊ ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်းသိရပါသည်။ အမေရိကန် West Texas Intermediate (WTI) ၏ရေနံစိမ်းကြိုရောင်းကြိုဝယ်ဈေးနှုန်းသည်လည်း တမန်နေ့က သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် ၁၄-၁၀-၂၀၂၁ ရက်နေ့တွင် တစ်စည်လျှင် ၈၁ ဒသမ ၃၉ ထိ၊ အမေရိကန်ဒေါ်လာ ၉၃ ဆင့်၊ ရာခိုင်နှုန်း အားဖြင့် ၁ ဒသမ ၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

အမေရိကန်နိုင်ငံတွင် စက်သုံးဆီရောင်းလိုအားနည်းနေသည့်အတွက် စက်သုံးဆီဈေးနှုန်းကို မြင့်တက်စေခြင်းဖြစ် ကြောင်း၊ ကမ္ဘာ့အကြီးဆုံးထုတ်လုပ်သူဖြစ်သည့် အမေရိကန်နိုင်ငံတွင် ရေနံစိမ်းထုတ်လုပ်ထွက်ရှိမှုသည် ၂၀၂၁ ခုနှစ်တွင် ယခင် ခန့်မှန်းထားသည်ထက် လျော့နည်းလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထုတ်လုပ်မှုပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း စွမ်းအင်ဆိုင်ရာအချက်အလက် စီမံခန့်ခွဲမှုဌာန (EIA) က ၁၃-၁၀-၂၀၂၁ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ အမေရိကန်နိုင်ငံတွင် ၂၀၀၄ ခုနှစ်နောက်ပိုင်း ရေနံတွင်းများတွင်ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ်တွင်အနည်းဆုံးဖြစ်ကြောင်း၊ နောက်နှစ်တွင်လောင်စာဆီ ကုမ္ပဏီကြီးများသည် ပြည်တွင်းသုံးစွဲမှုကို ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားကြမည်ဖြစ်ကြောင်း၊ သို့သော်လည်း အဆိုပါရင်းနှီးမြှုပ်နှံမှုပမာဏသည် ကပ်ရောဂါမတိုင်မီ ရေနံတူးဖော်ခဲ့သည့် ပမာဏအောက် လျော့နည်းနေဆဲ ဖြစ်ကြောင်းသိရပါသည်။ ရေနံတူးဖော်သည့်ကုန်ကျစရိတ်သည် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ၁၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းအကြားမြင့်တက်လာကြောင်း၊ နောက်နှစ်တွင် သုံးစွဲမှု ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်း ထက်ဝက်နီးပါးအတွက် အသုံးစရိတ်ကာမိသွားနိုင်ကြောင်း Rystad Energy ကုမ္ပဏီမှ သုံးသပ်ပြောကြားခဲ့ပါသည်။

ကုမ္ပဏီကြီးများသည် အသုံးစရိတ်ကို ၅ ရာခိုင်နှုန်းအောက်သာ သုံးစွဲရင်းနှီးသွားနိုင်ဖွယ်ရှိကြောင်း IHS Markit က ပြောကြားခဲ့ပါသည်။ သို့သော် တက္ကဆက်ပြည်နယ်အနောက်ပိုင်းနှင့် နယူးမက္ကဆီကိုပြည်နယ်တို့ရှိ Permian Basin ဒေသတွင် ရေနံတိုးမြှင့်ထုတ်လုပ်နိုင်ရန် ကုမ္ပဏီငယ်များ၊ ပုဂ္ဂလိကထုတ်လုပ်သူများကမူ အသုံးစရိတ်ကို အတတ်နိုင်ဆုံး၊ အများဆုံးသုံးစွဲ သွားလိုကြကြောင်းသိရပါသည်။ အဆိုပါဒေသသည် အမေရိကန်တွင်အတက်ကြွဆုံးရေနံထုတ်လုပ်ကြသည့်အတွက် ကပ်ရောဂါ မတိုင်ခင်က ထုတ်လုပ်နိုင်ခဲ့သည့်ပမာဏသို့ ထုတ်လုပ်နိုင်ကြကြောင်း၊ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာအနေနှင့် ရေနံ စည်ပေါင်း ၁ ဒသမ ၅ သန်းသာထုတ်လုပ်နိုင်သေးကြောင်း၊ အခြားသောဒေသများတွင် ထုတ်လုပ်ထွက်ရှိမှုနည်းပါးနေသေး ကြောင်း အမေရိကန်၊ စွမ်းအင်ဆိုင်ရာ အချက်အလက်များ အရသိရပါသည်။

**ရုရှားနိုင်ငံ**

စွမ်းအင်ကုန်စည်အားလုံး ဝယ်လိုအားမြင့်မားလာနေသည့်အတွက် စက်သုံးဆီဈေးနှုန်းသည်တစ်စည်လျှင်အမေရိကန် ဒေါ်လာ ၁၀၀ ထိ မြင့်တက်လာနိုင်ကြောင်း ရုရှားသမ္မတ ပူတင်က ၁၃-၁၀-၂၀၂၁ ရက်နေ့တွင် ပြောကြားခဲ့ပါ သည်။ ရုရှားနိုင်ငံ သည် စက်သုံးဆီအရန်များစွာသိုလှောင်ထားရှိသည့်အတွက် အခြားသောထွန်းသစ်စနိုင်ငံများ၏ ငွေကြေးတန်ဖိုးထက် ရုရှား

နိုင်ငံသုံးငွေကြေး ရူဘယ်တန်ဖိုးမြင့်တက်လျက်ရှိကြောင်း အိုပက်အဖွဲ့၏လစဉ်အစီရင်ခံစာတွင်ဖော်ပြခဲ့ပါသည်။ စွမ်းအင်ဈေးနှုန်းများဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဆိုင်ရာ ကုန်စည်များရောင်းလိုအားကြပ်တည်းနေသည့်အချိန်တွင် စက်သုံးဆီတင်ပို့သည့်နိုင်ငံအနေနှင့် အကျိုးအမြတ်ရရှိ ကြမည်ဖြစ်ကြောင်း Carrhae Capital ၏ လန်ဒန်ခြေစိုက် ရင်းနှီးမြှုပ်နှံမှုအရာရှိချုပ် Mr. Ali Akay က ပြောကြားခဲ့ပါသည်။

စွမ်းအင်ဈေးကွက်လှုပ်ခတ်မှုသည် ရုရှားနိုင်ငံအားစက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့အင်အားကြီးနိုင်ငံအဖြစ် လည်းကောင်း၊ ငွေကြေးတောင့်တင်းခိုင်မာသည့်နိုင်ငံအဖြစ်လည်းကောင်း ထင်ရှားလာစေကြောင်း၊ ကမ္ဘာ့အကြီးဆုံးစွမ်းအင် တင်ပို့သည့် ရုရှားနိုင်ငံသည် အရန်ငွေ အမေရိကန် ဒေါ်လာ ၆၀၀ ဘီလီယံရှိပြီး ကြွေးမြီအနည်းဆုံးနိုင်ငံဖြစ်ကာ ငွေကြေး ဖောင်းပွမှုကို ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိကြောင်း၊ စက်သုံးဆီ တစ်စည်တင်ပို့မှုမှ ရုရှားရူဘယ် ၆,၀၀၀ ရရှိကြောင်း သိရပါသည်။ စက်သုံးဆီ ဈေးနှုန်းမြင့်တက်လျှင် ပို့ကုန်တင်ပို့ငွေပိုမိုရရှိနိုင်ပြီး စွမ်းအင်စတော့အပေါ် အမြတ်ပိုမိုရရှိပြီး ငွေကြေးတန်ဖိုး ပိုမိုခိုင်မာလာကြောင်း သုတေသီ Mr. Davide Silvestrini က ၎င်း၏ အစီရင်ခံစာတွင် ထည့်သွင်းရေးသားခဲ့ပါသည်။

**ဥရောပဒေသ**

ဥရောပတွင် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာပြီး အိမ်ထောင်စုများစွာအတွက် လက်လမ်းမမီနိုင်သည့်အတွက် စက်မှုလုပ်ငန်းများမှ သဘာဝဓာတ်ငွေ့ဝယ်လိုအား စတင်လျော့ချလာကြောင်း၊ သဘာဝဓာတ်ငွေ့ သုံးစွဲမှုသည် စက်တင်ဘာလကတည်းက စတင်လျော့နည်းလာခဲ့ပြီး အောက်တိုဘာလတွင် ပျမ်းမျှသုံးစွဲမှုသည် ကပ်ရောဂါ မတိုင်ခင်ကာလအောက် ၁၂ ရာခိုင်နှုန်း လျော့နည်းလျက်ရှိကြောင်း၊ အနွေးပေးရန်အတွက် ဓာတ်ငွေ့ဝယ်လိုအား မြင့်မားလာ နေချိန်တွင် ဂျာမနီ၊ နယ်သာလန်နှင့် ပြင်သစ်တို့တွင် ဓာတ်ငွေ့ ဝယ်လိုအား အများဆုံး လျော့နည်းလျက်ရှိကြောင်း Engie EnergyScan၏ ခေါင်းဆောင် Mr. Julien Hoarau က ဆိုပါသည်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံတွင် စက်တင်ဘာလက ရေနံစိမ်းတင်သွင်းမှုသည် မနှစ်ကထက် ၁၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ၊ စက်တင်ဘာလတွင် သဘာဝဓာတ်ငွေ့တင်သွင်းမှုသည် ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း အများဆုံးဖြစ်ပြီး တန်ချိန် ၁၀ ဒသမ ၆၂ သန်း တင်သွင်းခဲ့ကြောင်း အကောက်ခွန်ဌာနအချက်အလက်များအရ သိရပါသည်။ ကုမ္ပဏီများအနေနှင့် လျှပ်စစ်ထုတ်လုပ်ရန် ကျောက်မီးသွေးရှားပါးလာနေချိန်ဖြစ်၍ ဆောင်းရာသီ၊ အနွေးပေးရန် စွမ်းအင်ကုန်စည်များကို စုဆောင်းလာကြကြောင်း၊ စွမ်းအင်ကုန်စည်များ သွင်းကုန်ကိုတာ တင်းကြပ်သည့်အတွက် ဝယ်ယူမှုတွင် ဆက်လက်ကြပ်တည်းနေမည်ဖြစ်ပါသည်။

ကမ္ဘာ့အများဆုံး ရေနံစိမ်းတင်သွင်းသည့် တရုတ်နိုင်ငံသည် စက်တင်ဘာလတွင် ရေနံစိမ်းတန်ချိန် ၄၁ ဒသမ ၀၅ သန်း၊ တစ်ရက်လျှင် စည်ပေါင်း ၉ ဒသမ ၉၉ သန်းနှုန်းဖြင့်တင်သွင်းခဲ့ကြောင်း၊ ဩဂုတ်လတွင် တစ်ရက်လျှင် စည်ပေါင်း ၁၀ ဒသမ ၄၉ သန်း၊ မနှစ်က တစ်ရက်လျှင် စည်ပေါင်း ၁၁ ဒသမ ၈ သန်းနှုန်းဖြင့် တင်သွင်းခဲ့ခြင်းအောက် လျော့နည်းတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ၊ (၉ )လတာကာလတွင်  ရေနံစိမ်းတင်သွင်းခဲ့ခြင်းသည် မနှစ်က ကာလတူတွင် တန်ချိန် ၃၈၇ ဒသမ ၄ သန်း တင်သွင်းခဲ့ခြင်းအောက် ၆ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရပါသည်။

**မြန်မာ့ စက်သုံးဆီဈေးနှုန်းများ**

မြန်မာနိုင်ငံရှိ Denko ၏ အင်တာနက်စာမျက်နှာတွင် ၁၅-၁၀-၂၀၂၁ ရက်နေ့အတွက် ဖော်ပြထားသည့်စက်သုံးဆီ တစ်လီတာဈေးနှုန်းများမှာ - ရန်ကုန်တိုင်းအတွက် ဒီဇယ် - ၁၄၈၀ ကျပ်၊ အဆင်မြင့်ဒီဇယ် - ၁၄၈၅ ကျပ်၊ အောက်တိန်း (၉၂) - ၁၄၇၀ ကျပ်၊ အောက်တိန်း (၉၅) - ၁၅၀၅ ကျပ်နှင့် နေပြည်တော်အတွက် ဒီဇယ် - ၁၅၄၀ ကျပ်၊ အဆင်မြင့်ဒီဇယ် - ၁၅၅၅ ကျပ်၊ အောက်တိန်း (၉၂) - ၁၅၂၀ ကျပ်၊ အောက်တိန်း (၉၅) - ၁၆၀၀ ကျပ် တို့အသီးသီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**သုံးသပ်တင်ပြချက်**

ယခုအခါ ရေနံစိမ်းဈေးနှုန်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၀ ကျော်ထိ ဈေးနှုန်းများမြင့်တက်လျက်ရှိပြီး ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိသည်ဟုလည်း ခန့်မှန်းထားကြပါသည်။ အိုပက်အဖွဲ့၏ ရေနံထုတ်လုပ်မှုမူဝါဒသည် လာမည့်ကာလများတွင် စက်သုံးဆီဈေးနှုန်းများအပေါ် သက်ရောက်သည့် အဓိကအကြောင်းအရင်းဖြစ်လာမည်ဟု စွမ်းအင်ဆိုင်ရာ သုတေသနအဖွဲ့ - Vitol အဖွဲ့က လေ့လာသုံးသပ်ထားပါသည်။ အိုပက်အဖွဲ့က ရေနံဈေးနှုန်းထိန်းချုပ်နိုင်ကြောင်း Vitol အဖွဲ့၏ အာရှဒေသအကြီးအကဲ Mr. Mike Muller ကပြောကြားခဲ့ပါသည်။ စွမ်းအင်တင်သွင်းရသည့်နိုင်ငံများတွင် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး စွမ်းအင်ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် အကျိုးအမြတ်များစွာရရှိလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

လူနှင့်ကုန်စည်များ ထောက်ပံ့ပို့ဆောင်ရေးတွင် အဓိကအချက်အချာကျသည့် လောင်စာဆီအကျပ်အတည်း သက်ရောက်မှုကြောင့် ခရီးသွားလာရေးနှင့် လူသုံးကုန်စည်ဈေးနှုန်းများလည်း မြင့်တက်လာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အမေရိကန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ငွေဖောင်းပွမှုသည် ၁၃ နှစ်တာကာလအတွင်း အမြင့်ဆုံးနှုန်းဖြစ်သည့် ၅ ဒသမ ၄ ရာခိုင်နှုန်းဖြင့် မြင့်တက်လျက်ရှိပါသည်။ လောင်စာဆီတင်သွင်းအသုံးပြုရသည့် မိမိတို့မြန်မာနိုင်ငံတွင်လည်း စက်သုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်လျက်ရှိပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာသည့်အတွက် လူသုံးကုန်၊ စားသုံးကုန်ဈေးနှုန်းများလည်း မြင့်တက်လာလျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ကမ္ဘာ့ရေနံ အဓိကထုတ်လုပ်သည့် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အချို့သောနိုင်ငံများသည် ရေနံစိမ်းတိုးမြှင့် ထုတ်လုပ်ရန် ငြင်းဆန်လျက်ရှိသည့်အတွက် စက်သုံးဆီရောင်းလိုအားတွင် ကာလတစ်ခုအထိ အကျပ်အတည်းများ ဆက်လက် ရင်ဆိုင်ရနိုင်ဖွယ်ရှိကြောင်း သုံးသပ်မိပါသည်။

Source: ခင်မြမြထွေး-စီးပွားရေးသံမှူး(အမေရိကန်)

## ပစိဖိတ်ရပ်ဝန်းဒေသ၏ စီးပွားရေးအကျိုးအမြတ်ကို ပုံဖော်ရာတွင် လမ်းဆုံအနေအထား၌ရောက်ရှိနေသည့် ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံမှဦးဆောင်၍ အဖွဲ့ဝင် (၁၁) နိုင်ငံဖြင့် "ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် သဘောတူညီချက် (Comprehensive and progressive Agreement for Trans-Pacific Partnership - CPTPP)" အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါသဘောတူညီချက်ကို လက်ရှိ၌ အဖွဲ့ဝင် ၈ နိုင်ငံမှ အတည်ပြုပြီးဖြစ်ကာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အသက်ဝင်ခဲ့ပါသည်။

ဂျပန်နိုင်ငံသည် အဆိုပါ CPTPP သဘောတူညီချက်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းကြောင့် ပြည်တွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အစိုးရ၏ကန့်သတ်ထိန်းချုပ်မှုကိုလျော့ပါးစေသည့် အကျိုးသက်ရောက်မှုသည် အဓိကရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ထိုကိစ္စရပ်နှင့် ပတ်သက်၍ မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းမည်ကို ဂျပန်နိုင်ငံအစိုးရအဖွဲ့အကြား ဆွေးနွေးလာခဲ့ ကြပါသည်။

CPTPP ဆိုင်ရာ လတ်တလောဖြစ်ပေါ်တိုးတက်မှုများသည် အဆိုပါပြဿနာရပ်၏ အနေအထားကို ပြောင်းလဲလာစေခဲ့သည်။ လက်ရှိအခြေအနေသည် ဂျပန်နိုင်ငံအတွက် ပစိဖိတ်ရပ်ဝန်းဒေသအတွင်း နိုင်ငံရေးနှင့် စီးပွားရေးကို အဓိကကြိုးကိုင်လှုပ်ရှားနိုင်သည့် မဟာအခွင့်အရေးတစ်ခုအဖြစ်ဟု ယူဆနိုင်ပါသည်။

ဂျပန်နိုင်ငံသည် လုံခြုံရေးဆိုင်ရာအကြောင်းပြချက်အရ အမေရိကန်ပြည်ထောင်စုအပေါ်မှီတည်နေရသကဲ့သို့ တရုတ်နိုင်ငံသည်လည်း ဂျပန်နိုင်ငံ၏ အဓိကစီးပွားမိတ်ဖက်နိုင်ငံဖြစ်သဖြင့် ဤအချက်သည် ဂျပန်နိုင်ငံ အနေဖြင့် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံစလုံးနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို တည်ဆောက်နိုင်လိမ့်မည်ဟု သုတေသီအချို့က ယုံကြည်ထားပါသည်။

ဂျပန်နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန် ကုန်သွယ်မှုတွင် တရုတ်နိုင်ငံသည်စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် ဂျပန်နိုင်ငံ၏အားထားရာ ပင်မဈေးကွက်နိုင်ငံတစ်ခုဖြစ်သည့်အတွက် ဂျပန်အနေဖြင့် လျစ်လျူမရှုသင့်ကြောင်းနှင့် တရုတ်နိုင်ငံသည် ကမ္ဘာ့လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အများစုတွင်ပါဝင်၍ အကျိုးရလဒ်များကိုရယူခံစားနေလင့်ကစား စီးပွားရေးအပိုင်းတွင် ခုခံကာကွယ်မှုများစွာကိုဆောင်ရွက်လေ့ရှိကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံမှ rare earths ဟူသည့် အဆင့်မြင့်နည်းပညာထုတ်ကုန်များ ထုတ်လုပ်ရာတွင် အဓိကကျသည့် ရှားပါးသတ္တုတင်သွင်းမှုကို ၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံမှ "coercive economic diplomacy" ကို ကျင့်သုံးကာ ၎င်းကုန်ပစ္စည်း တင်သွင်းမှုအပေါ် ကန့်သတ်ရပ်ဆိုင်းထားမှုနှင့် ရင်ဆိုင်ခဲ့ရပါသည်။

CPTPP သဘောတူညီချက်တွင် တရုတ်အနေဖြင့်ပါဝင်လိုပါက အဆိုပါ "coercive economic diplomacy" ကျင့်သုံးမှုသည် အဖွဲ့ဝင်အားလုံးအတွက် ပြဿနာတစ်ရပ်သဖွယ်ဖြစ်သည်ကို သဘောပေါက်နားလည်သင့်ပြီး အတတ်နိုင်ဆုံးအနိမ့်ဆုံးကျင့်သုံးမှုအဖြစ် လျှော့ချရမည်ဖြစ်ပါသည်။

"coercive economic diplomacy" ကျင့်သုံးမှုကိုလျှော့ချခြင်းသည် တရုတ်-အမေရိကန်နှစ်နိုင်ငံအကြား အင်အားပြိုင်ဆိုင်မှုကို လျော့ပါးစေမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ CPTPP သဘောတူညီချက်တွင်ပါဝင်နိုင်ရေး တင်းမာမှုများ ပြေလျော့စေရန်လိုလားနေချိန် အမေရိကန်မှလည်း အဆိုပါ CPTPP သဘောတူညီချက်အား တရုတ်နိုင်ငံ၏ ချယ်လှယ်မှုအောက်သို့ ကျရောက်မည်ကို စိုးရိမ်လာသည့်အတွက် CPTPP တွင် ဦးဆောင်ပါဝင်ရန် စိတ်အားထက်သန်မှုရှိနေသည်၊

ဂျပန်နိုင်ငံအနေဖြင့် ထိုကဲ့သို့သောအခြေအနေမျိုးတွင် အမေရိကန်နိုင်ငံအား နိုင်ငံရေးမိတ်ဖက်အဖြစ် ရပ်တည်ချက်အရ CPTPP တွင် ပြန်လည်ပါဝင်လာစေရန် ပညာသားပါပါ တွန်းအား ပေးဆောင်ရွက်သင့်ပါသည်။ ဂျပန်နိုင်ငံသည် CPTPP သဘောတူညီချက်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် ဦးဆောင်နေသည့်အတွက် နိုင်ငံရေးအရလည်း ဦးဆောင်နိုင်သည့်

အားသာချက်ရှိသော အနေအထားဟု ဆိုနိုင်ပါ သည်။ ဂျပန်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီမှုမရရှိပါက CPTPP သဘောတူညီချက်တွင် တရုတ်နိုင်ငံအနေဖြင့်ပါဝင်လာနိုင်မည်မဟုတ်ပါ။ ဂျပန်နိုင်ငံသည် ၎င်း၏နိုင်ငံရေးအရ အားသာချက်ရှိသည့် အနေအထားကို ကောင်းမွန်စွာ အသုံးချသင့်ပါသည်။

ဂျပန်နှင့်တရုတ်နိုင်ငံအကြားတွင် အခြား လွတ်လပ်သော ကုန်သွယ်မှု ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်သည့် "ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) တွင် နှစ်နိုင်ငံစလုံးမှ ပါဝင်လက် မှတ်ရေးထိုးပြီးဖြစ်သဖြင့် ၎င်းတို့၏ စီးပွားရေး ဆက်နွယ်မှုတွင် မပြေလည်မှုတစ်စုံတစ်ရာရှိခဲ့သည် ဆိုစေကာမူ ထိခိုက်နစ်နာမှုကြီးမားနိုင်မည်မဟုတ်ဟု ဆိုနိုင်ပါ သည်။

CPTPP တွင် ပါဝင်လိုကြောင်း တရုတ်နိုင်ငံမှ အဆိုပြုထားချိန်တွင် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံအား CPTPP တွင် ပြန်လည်ပါဝင်လာစေရေးကိုလည်း တွန်းအားပေးသင့်ပါသည်။ ထို့အပြင် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အလို့ငှာ တရုတ် (တိုင်ပေ)၏ CPTPP အဖွဲ့ဝင်အဖြစ်ပါဝင်လာရန် အဆိုပြုထားသည့်ကိစ္စကို အမေရိကန်နိုင်ငံနှင့်ပူးပေါင်းကာ တွန်းအားပေးဆောင်ရွက်သင့်ကြောင်းနှင့် ထိုကဲ့သို့သော CPTPP သဘောတူညီချက်နှင့် ပတ်သက်၍ သံခင်းတမန်ခင်းဆောင်ရွက်ချက်များကို ဂျပန်၏ အထွေထွေ ရွေးကောက်ပွဲကာလ နောက်ပိုင်းတွင် ဂျပန်အနေဖြင့် စတင်အကောင်အထည်ဖော်လာနိုင် မည်ဖြစ်ကြောင်း စီးပွားရေးသုတေသီများက သုံးသပ်ကြပါသည်။

ရင်းမြစ်။ (၂၆-၁၀-၂၀၂၁) ရက်နေ့ KYODO NEWS တွင် ဖော်ပြထားသည့် Hokkaido University ၊ Graduate School of Public Policy မှ ပါမောက္ခ Ken Endo ၏ဆောင်းပါး

Source: နန္ဒာဝင်း – (စီးပွားရေးသံမှူး) မြန်မာသံရုံး၊ တိုကျိုမြို့

## ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအားစတင်ဖြေလျှော့မှု ပထမအဆင့်ကို ၁-၁၁-၂၀၂၁ ရက်နေ့မှ စတင်မည်

လူဦးရေ ၅၁ သန်းကျော်ရှိသော ကိုရီးယားသမ္မတနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါအား ၁ နှစ်နှင့် ၉ လကြာ ရပ်ဆိုင်းခဲ့ ပြီးသည့်နောက်၊ မူလလျာထားချက်အတိုင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်အရေ အတွက် အပြည့်အဝထိုးပြီးမှု ၇၀ ရာခိုင်နှုန်းကျော်ခဲ့ပြီးဖြစ်ရာ၊ ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်မှုများအား အဆင့်(၃)ဆင့်ဖြင့် (၃) လအတွင်းဖြေလျှော့၍ မူလပုံမှန်လူနေမှုဘဝအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် (Phase 1) အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် စတင်မည်ဖြစ်ကြောင်း Korea Disease Control and Prevention Agency (KDCA) က ၂၅.၁၀.၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ကာလအားဖြင့် ရက်သတ္တ ၁၂ ပတ်၊ ၃ လတာကြာမြင့်မည့် အဆိုပါ "Return to Normal" Roadmap တွင် ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်ချက်များကို အဆင့် ၃ ဆင့်ခွဲ၍ အဆင့်လိုက်ဖြေလျှော့သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့် (Phase I) ကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင်စတင်မည်ဖြစ်ပြီး၊ ဒုတိယအဆင့် (Phase II ) ကို ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ တတိယအဆင့် (Phase III)ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် အသီးသီးစတင်သွားမည်ဖြစ်ကြောင်း၊ အဆင့်တစ်ဆင့်လျှင် ရက်သတ္တ ၄ ပတ်သတ်မှတ်၍ အကောင်အထည်ဖော်မည်ဖြစ်ရာ ဖြစ်ပေါ်လာသည့်အခြေအနေပေါ် မူတည်၍ Grace Period အား ၂ ပတ်သတ်မှတ်ထားကြောင်း၊ Phase III အား အကောင်အထည်ဖော်ပြီးချိန်တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်အားလုံးပြီးဆုံး၍ ပုံမှန်လူနေမှုဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးရန် မျှော်လင့်ထားကြောင်း လေ့လာသိရှိရပါသည်။

လက်ရှိတွင် မြို့တော်ဆိုးလ်နှင့် ပတ်ဝန်းကျင်ဒေသအတွက် အမြင့်ဆုံး Social Distancing Level "4" ကို သတ်မှတ် ထားပြီး၊ Bank of Korea (BOK) ၏ ခန့်မှန်းချက်အရ ၎င်း Social Distancing ကန့်သတ်ချက်များကြောင့် တောင်ကိုရီးယား နိုင်ငံအနေဖြင့် တစ်လလျှင် ကိုရီးယားဝမ် ၁၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၂ ဘီလီယံခန့်) ဆုံးရှုံးရလျက်ရှိရာ၊ အဆိုပါပမာဏသည် နိုင်ငံ GDP ၏ ၈ ရာခိုင်နှုန်းခန့်ရှိသည့် များပြားသည့်ပမာဏဖြစ်ကြောင်း၊ ၁.၁၁.၂၀၂၁ ရက်နေ့မှစ၍ စီးပွားရေးဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အောက်ပါအတိုင်း စနစ်တကျ အဆင့်ဆင့် ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

(က) စားသောက်ဆိုင်၊ ကော်ဖီဆိုင်များကို လက်ရှိတွင် ည ၁၀ နာရီထိသာ ဖွင့်ခွင့်ရှိရာမှ အချိန် အကန့်အသတ်မရှိ ၂၄ နာရီဖွင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊

(ခ) ညသန်းခေါင်ယံအထိ ဖွင့်ခွင့်ပြုထားသည့် ရုပ်ရှင်ရုံများ၊ အားကစားခန်းမ (Gym) များ၊ လူစုလူဝေးများ၍ High Risk ရှိသည့်နေရာများအား ၂၄ နာရီဖွင့်ခွင့်ပြုသွားမည်ဖြစ်ပြီး၊ လာရောက်မည့်ဧည့်သည်များအနေဖြင့် ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်/QR Code/ PCR Negative Test တို့ စစ်ဆေးပြသစေကာ အခြားသောကန့်သတ်ထားသည့် Facilities များကိုလည်း အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၁၈ နှစ်အောက် ကလေးငယ်၊ လူငယ်များနှင့် အကြောင်းကြောင်းကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခွင့်မရှိသူများအတွက်မူ အဆိုပါအထောက်အထားများပြသရန်မလိုကြောင်း၊

(ဂ) ဘေ့စ်ဘောအားကစားရုံများကို ယခင်က ထိုင်ခုံ ၃၀ ရာခိုင်နှုန်းသာခွင့်ပြုခဲ့ရာမှ ယခု ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်ခွင့်ပြု၍ ကာကွယ်ဆေးထိုးပြီးမှုအထောက်အထားများပြသနိုင်ပါက အားကစားရုံအတွင်း အစားအသောက်စားခွင့်ပြုကြောင်း၊

(ဃ) ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားများပြသရန်မလိုဘဲ လူဦးရေ ၁၀ ဦးအထိ စုဝေးနိုင်ကြောင်း၊ သို့ရာတွင် ဈေးကဲ့သို့ အစားအသောက်ရောင်းချသောနေရာများတွင် လူများစွာစုဝေးမှုကိုမူ ခွင့်မပြုကြောင်း၊

(င) အခမ်းအနားပွဲများအတွက် ကာကွယ်ဆေးအထောက်အထားများမလိုဘဲ လူဦးရေ ၁၀၀ ဦးအထိ စုဝေးကျင်းပခွင့်ရှိပြီး၊ကာကွယ်ဆေးအထောက်အထားများပြသနိုင်ပါက လူဦးရေ ၅၀၀ ဦးအထိစုဝေးကျင်းပခွင့်ပြုကြောင်း၊

(စ) Mask တပ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများတွင် အပူချိန်တိုင်းတာမှု၊ ကာကွယ်ဆေးထိုးပြီးမှု အခြေအနေအား QR Code Scan ဖတ်၍ စစ်ဆေးခြင်းစသည့် စည်းကမ်းများကို ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး Phase III အားအကောင်အထည်ဖော်ပြီးပါ Mask တပ်ရန်မလိုသည့်အခြေအနေကို ခွင့်ပြုနိုင်ရန် မျှော်လင့်ထားကြောင်း၊

(ဆ) ဆေးရုံများတွင် ကိုဗစ်-၁၉အတွက်ဝန်ပိခြင်း၊ မလုံလောက်ခြင်းအားဖြေရှင်းနိုင်ရန် ရောဂါလက္ခဏာ ပြင်းထန်သည့် လူနာများမှအပ အသက် ၇၀ နှစ်အောက် ကိုဗစ်-၁၉ ရောဂါလက္ခဏာ ပုံမှန်သာရှိသူများကို နေအိမ်တွင်ပင် စည်းကမ်းတကျသီးခြားနေထိုင်ကုသစေသည့် နည်းစနစ်ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ မှစတင်ဆောင်ရွက်ခဲ့ရာ၊ ယခုအသက်အရွယ်အားလုံးအတွက် ထိုကဲ့သို့ပင် ဆောင်ရွက်သွားတော့မည်ဖြစ် ကြောင်း၊

ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလနှောင်းပိုင်းထိ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးသူသည် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိလာပြီးဖြစ်သည့်တိုင် လုံးဝမထိုးရသေးသူ ၁၀ သန်းမျှခန့်ရှိနိုင်သေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာမြေပေါ်မှပျောက်ကွယ်သွားအောင် ကြိုးစားဆောင်ရွက်နေကြသော်လည်း ဆက်လက်တည်ရှိဆဲဖြစ်သည့်အတွက် ယခုကာလသည် နည်းလမ်းသစ်ကြံဆ၍ မူလလူနေမှုဘဝအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ကြမည်ဖြစ်၍ ဤ "Return to Normal" အစီအစဉ်ကို အဆင့်လိုက်အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း KDCA ၏ Commissioner ဖြစ်သူ Ms.Jeong Eun-Kyeong က တောင်ကိုရီးယားပြည်သူများသို့ ထုတ်ဖော်ပြောကြားခဲ့မှုအရ လေ့လာသိရှိရပါသည်။ Source: သံအမတ်ကြီး-ကိုရီးယား

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၁၊ အောက်တိုဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 39,849,814.669 | 236.445 | | 1 | ရေနံထွက်ပစ္စည်းများ | 160.432 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 6,346,326.818 | 50.541 | | 2 | ချည်ထည်များ | 56.202 |
| 3 | မတ်ပဲ | မတန် | 52,443.669 | 46.177 | | 3 | စားအုန်းဆီ | 54.538 |
| 4 | ငါး | မတန် | 25,779.992 | 30.041 | | 4 | ဓာတ်မြေသြဇာများ | 40.791 |
| 5 | နှမ်း | မတန် | 19,206.155 | 24.865 | | 5 | ဆေးဝါးပစ္စည်းများ | 39.632 |
| 6 | ပြောင်း | မတန် | 90,258.076 | 21.344 | | 6 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 27.466 |
| 7 | ဆန် | မတန် | 48,100.000 | 16.472 | | 7 | ဓာတုဗေဒပစ္စည်းများ | 20.649 |
| 8 | ဆန်ကွဲ | မတန် | 50,064.000 | 15.635 | | 8 | စက်နှင့်စက်ပစ္စည်းများ | 20.159 |
| 9 | ပဲတီစိမ်း | မတန် | 16,372.869 | 13.959 | | 9 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 13.427 |
| 10 | ရာဘာစိမ်း | မတန် | 8,444.320 | 11.934 | | 10 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 13.093 |

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၂-၁၀-၂၀ ) ထိ | ၂၀၂၁-၂၀၂၂ (၂၂-၁၀-၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 177.121 | 188.870 | 11.749 |
| ၂ | တိရိစ္ဆာန်ထွက် | 4.341 | 0.189 | -4.152 |
| ၃ | ရေထွက် | 48.294 | 12.682 | 4.388 |
| ၄ | သတ္တုတွင်းထွက် | 93.067 | 67.379 | -25.688 |
| ၅ | သစ်တောထွက် | 3.118 | 8.228 | 5.110 |
| ၆ | စက်မှုကုန်ချော | 459.865 | 360.252 | -99.613 |
| ၇ | အခြား | 18.081 | 20.271 | 2.190 |
| | **စုစုပေါင်း** | **803.887** | **697.871** | **-106.016** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၂-၁၀-၂၀ ) ထိ | ၂၀၂၁ -၂၀၂၂ (၂၂-၁၀-၂၀၂၁)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 293.251 | 116.573 | -176.678 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 272.855 | 297.856 | 25.001 |
| ၃ | လူသုံးကုန်ပစ္စည်း | 192.895 | 187.727 | -5.168 |
| ၄ | CMP | 101.786 | 101.532 | -0.254 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **860.787** | **703.688** | **-157.099** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၁ အောက်တိုဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)

| မြို့နယ် | ဆန်ကြမ်းရှယ်(ဟောင်း) ၅ % | ပေါ်ဆန်း(ဟောင်း) |
|---|---|---|
| ဖျာပုံ | 25000–25700 | 45000–47000 |
| မြောင်းမြ | 25000–25600 | 45000–47000 |
| ဒေးဒရဲ | 25000–25500 | 44000–45000 |
| ဝါးခယ်မ | 24700–25200 | 45000–45500 |
| ဘိုကလေး | 24700–25200 | 45000–45500 |
| မော်ကျွန်း | 25000–25500 | 44000–45500 |
| လပွတ္တာ | – | – |
| ကျိုက်လတ် | 24500–25500 | 44000–45000 |
| ဘုရင့်နောင် | 23000–23300 | – |

**Source: MRF**

## ၂၀၂၁ အောက်တိုဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ (ပေါ်ကွဲ) | | | ညှော်မထ(ဟောင်း) | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 2 | 4.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 3 | 5.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 4 | 6.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 5 | 7.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 6 | 8.10.2021 | 44000 | 42000 | 41000 | 40500 | 40000 | 39000 | 25000 | 24500 | 24000 | 24000 | 23500 | 23000 |
| 7 | 11.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 8 | 12.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 9 | 13.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 10 | 14.102021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 11 | 15.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 12 | 18.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 13 | 22.10.2021 | 46000 | 45000 | 43000 | 42000 | 41000 | 40500 | 26500 | 26000 | 25500 | 24000 | 23500 | 23000 |
| 14 | 25.10.2021 | 46000 | 45000 | 43000 | 41000 | 40500 | 40000 | 25500 | 25000 | 24500 | 24000 | 23500 | 23000 |
| 15 | 26.10.2021 | 46000 | 45000 | 43000 | 41000 | 40500 | 40000 | 25500 | 25000 | 24500 | 24000 | 23500 | 23000 |
| 16 | 27.10.2021 | 46000 | 45000 | 43000 | 41000 | 40500 | 40000 | 25500 | 25000 | 24500 | 24000 | 23500 | 23000 |
| 17 | 28.10.2021 | 46000 | 45000 | 43000 | 41000 | 40500 | 40000 | 25500 | 25000 | 24500 | 24000 | 23500 | 23000 |
| 18 | 29.10.2021 | 46000 | 45000 | 43000 | 41000 | 40500 | 40000 | 25500 | 25000 | 24500 | 24000 | 23500 | 23000 |

**Source: Myanmar Rice**

## ၂၀၂၁ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2021 | 2021 | | | | |
| 1 | 1.10.2021 | 1850000 | 1535000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 2 | 4.10.2021 | 1803000 | 1525000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 3 | 5.10.2021 | 1560000 | 1490000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 4 | 6.10.2021 | 1645000 | 1490000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 5 | 7.10.2021 | 1681500 | 1450000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 6 | 8.10.2021 | 1660000 | 1430000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 7 | 11.10.2021 | 1527000 | 1525000 | 1478900–1531000 | 1580000–1635100 | 1377900–1408500 | 1083900–1120700 |
| 8 | 12.10.2021 | 1520000 | 1275000 | 1478900–1531000 | 1580000–1635100 | 1356400–1377900 | 1083900–1120700 |
| 9 | 13.10.2021 | 1485000 | 1275000 | 1478900–1531000 | 1531000–1583000 | 1356400–1377900 | 1083900–1120700 |
| 10 | 14.102021 | 1569000 | 1285000 | 1478900–1531000 | 1531000–1583000 | 1356400–1377900 | 1083900–1120700 |
| 11 | 15.10.2021 | 1526500 | 1285000 | 1478900–1531000 | 1531000–1583000 | 1356400–1377900 | 1083900–1120700 |
| 12 | 18.10.2021 | 1497000 | 1285000 | 1478900–1531000 | 1478900–1531000 | 1356400–1377900 | 1083900–1120700 |
| 13 | 22.10.2021 | 1485000 | 1275000 | 1478900–1531000 | 1478900–1531000 | 1356400–1377900 | 1083900–1120700 |
| 14 | 25.10.2021 | 1395000 | 1235000 | 1478900–1531000 | 1478900–1531000 | 1356400–1377900 | 1083900–1120700 |
| 15 | 26.10.2021 | 1360000 | 1235000 | 1478900–1531000 | 1478900–1531000 | 1356400–1377900 | 1083900–1120700 |
| 16 | 27.10.2021 | 1320000 | 1210000 | 1478900–1531000 | 1478900–1531000 | 1356400–1377900 | 1083900–1120700 |
| 17 | 28.10.2021 | 1377500 | 1210000 | 1478900–1531000 | 1478900–1531000 | 1347300–1359500 | 1083900–1120700 |
| 18 | 29.10.2021 | 1367000 | 1210000 | 1478900–1531000 | 1478900–1531000 | 1347300–1359500 | 1083900–1120700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၁ အောက်တိုဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.10.2021 | 1950500–2060700 | 1426900–1482000 | 1172700–1224800 | 1273800–1377900 | 447000–459300 |
| 2 | 4.10.2021 | 1950500–2060700 | 1426900–1482000 | 1172700–1224800 | 1273800–1377900 | 453200–465400 |
| 3 | 5.10.2021 | 1950500–2060700 | 1426900–1482000 | 1172700–1224800 | 1273800–1377900 | 453200–465400 |
| 4 | 6.10.2021 | 1950500–2060700 | 1426900–1482000 | 1120700–1224800 | 1273800–1377900 | 453200–465400 |
| 5 | 7.10.2021 | 1950500–2060700 | 1426900–1482000 | 1120700–1224800 | 1273800–1377900 | 434800–447000 |
| 6 | 8.10.2021 | 1950500–2060700 | 1426900–1482000 | 1120700–1224800 | 1273800–1377900 | 434800–447000 |
| 7 | 11.10.2021 | 1950500–2060700 | 1426900–1482000 | 1120700–1224800 | 1273800–1377900 | 422500–434800 |
| 8 | 12.10.2021 | 1950500–2060700 | 1426900–1451400 | 1120700–1224800 | 1273800–1377900 | 422500–434800 |
| 9 | 13.10.2021 | 1950500–2060700 | 1377900–1429900 | 1071700–1075800 | 1273800–1377900 | 422500–434800 |
| 10 | 14.102021 | 1950500–2060700 | 1377900–1429900 | 1071700–1075800 | 1273800–1377900 | 385800–398100 |
| 11 | 15.10.2021 | 1950500–2060700 | 1377900–1429900 | 1071700–1075800 | 1273800–1377900 | 385800–398100 |
| 12 | 18.10.2021 | 1950500–2060700 | 1377900–1429900 | 1019600–1075800 | 1273800–1377900 | 391000–404200 |
| 13 | 22.10.2021 | 1950500–2060700 | 1377900–1429900 | 1019600–1075800 | 1273800–1377900 | 385800–398100 |
| 14 | 25.10.2021 | 1950500–2060700 | 1377900–1429900 | 1019600–1075800 | 1273800–1377900 | 379700–391900 |
| 15 | 26.10.2021 | 1950500–2060700 | 1377900–1429900 | 1019600–1075800 | 1273800–1377900 | 379700–391900 |
| 16 | 27.10.2021 | 1950500–2060700 | 1325800–1377900 | 1019600–1123700 | 1273800–1377900 | 379700–391900 |
| 17 | 28.10.2021 | 1950500–2060700 | 1325800–1377900 | 1019600–1123700 | 1273800–1377900 | 373600–385800 |
| 18 | 29.10.2021 | 1950500–2060700 | 1325800–1377900 | 1019600–1123700 | 1273800–1377900 | 373600–385800 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၁ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.10.2021 | 4.10..2021 to 8.10.2021 | 11.10.2021 to 15.10.2021 | 18.10.2021 to 22.10.2021 | 25.10.2021 to 29.10.2021 |
|---|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 820-840 | 815-835 | 810-830 | 790-810 | 780-800 |
| | SQ | 980-1000 | 975-995 | 950-970 | 930-950 | 910-930 |
| | အခွံချွတ် အလုံး/ အခြမ်း | 1175-1200 | 1165-1195 | 1160-1190 | 1160-1190 | 1160-1190 |
| | အခွံပါ အခြမ်း | 1025-1050 | 1020-1045 | 1015-1040 | 1100-1125 | 1125-1150 |
| မတ်ပဲ (2017 crop) | FAQ | 805-825 | 800-820 | 795-815 | 775-795 | 765-785 |
| | SQ | 965-985 | 960-980 | 935-955 | 915-935 | 895-915 |
| | အခွံချွတ် အလုံး/ အခြမ်း | 1150-1180 | 1145-1175 | 1140-1165 | - | - |
| | အခွံပါ အခြမ်း | 1010-1035 | 1000-1025 | 995-1020 | - | - |
| ပဲတီစိမ်း | FAQ (အညာ) | 710-740 | 700-720 | 750-800 | 750-800 | 750-800 |
| | FAQ (ပခုက္ကူ) | - | - | - | - | |
| | ရွှေဝါအသေး (Under 3.5 mm) | 910-940 | 920-940 | 920-940 | 920-940 | 920-940 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 960-990 | 960-990 | 970-1000 | 970-1000 | 970-1000 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 940-960 | 940-960 | 950-975 | 950-975 | 950-975 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | - | - | - | - | - |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1110-1150 | 1100-1140 | 1050-1075 | 1050-1075 | 1050-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1150-1200 | 1150-1200 | 1125-1175 | 1100-1150 | 1100-1150 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | - | - | - | - | - |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 700-720 | 700-720 | 685-705 | 680-700 | 690-710 |
| | ဖြူနီ (FAQ) | 670-690 | 670-690 | 655-675 | 650-670 | 660-680 |
| | အဖြူ (FAQ) | 670-690 | 670-690 | 655-675 | 650-670 | 660-680 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 680-700 | 680-700 | 665-685 | 660-680 | 670-690 |
| | ဖြူနီ (FAQ) | 650-670 | 650-670 | 635-655 | 630-650 | 640-660 |
| | အဖြူ (FAQ) | 650-670 | 650-670 | 635-655 | 630-650 | 640-660 |
| ကုလားပဲဖြူလုံးကြီး | FAQ | 575-605 | 575-605 | 575-605 | 575-605 | 575-605 |
| | အခွံချွတ်အခြမ်း | 800-840 | 800-840 | 800-840 | 800-840 | 800-840 |
| ပဲလွန်းဖြူ | FAQ | 925-975 | 925-975 | 925-975 | 925-975 | 925-975 |
| | SQ (12.5 ဇကာ) | 1100-1150 | 1100-1150 | 1100 | 1100 | 1100 |
| ပဲလွန်းနီ | FAQ | - | - | - | - | - |
| မြေထောက်ပဲ | FAQ | 950-1000 | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံချွတ်အခြမ်း | 950-1100 | 950-1100 | 950-1100 | 950-1100 | 950-1100 |
| | အခွံပါအခြမ်း | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 | 1020-1030 |
| ပဲထောပတ် | FAQ | 525-555 | 525-555 | 550-575 | 550-575 | 550-575 |
| | အခွံချွတ်အခြမ်း | - | - | - | - | - |
| | အခွံပါအခြမ်း | - | - | - | - | - |
| ပြောင်း | | 230-250 | 230-250 | 230-250 | 225-245 | 225-245 |
| နှမ်းဖြူ | | 1200-1300 | 1200-1300 | 1200-1250 | 1200-1250 | 1200-1250 |
| နှမ်းနက် (စမုံ) | | 1700-1800 | 1700-1800 | 1650-1800 | 1650-1800 | 1650-1800 |
| နှမ်းမှုန် | | - | - | - | - | - |
| နှမ်းညို | | 1100-1150 | 1100-1150 | 1100-1150 | 1100-1150 | 1100-1150 |
| နှမ်းနက်(ရိုးရိုး) | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| ပဲကြီး | | - | - | - | - | - |
| ပဲယင်း | | 550-575 | 550-575 | 600-625 | 600-625 | 600-625 |
| ဘိုကိတ် | | 650-700 | 650-700 | 650-700 | 650-700 | 650-700 |
| နံနံစေ့ | | - | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၁ အောက်တိုဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.10.2021 | 74.81 | 78.04 | 218.21 | 5.91 | 234.17 |
| 2 | 4.10.2021 | 75.54 | 78.97 | 223.90 | 5.74 | 237.34 |
| 3 | 5.10.2021 | 77.94 | 81.70 | 232.11 | 5.85 | 244.41 |
| 4 | 6.10.2021 | 78.80 | 82.49 | 234.71 | 6.23 | 249.26 |
| 5 | 7.10.2021 | 76.70 | 80.60 | 230.00 | 5.97 | 243.39 |
| 6 | 8.10.2021 | 79.33 | 82.96 | 235.16 | 5.85 | 248.38 |
| 7 | 11.10.2021 | 80.89 | 83.65 | 239.60 | 5.73 | 250.79 |
| 8 | 12.10.2021 | 80.47 | 83.67 | 237.94 | 5.41 | 251.58 |
| 9 | 13.10.2021 | 80.33 | 83.12 | 237.60 | 5.4 | 250.17 |
| 10 | 14.102021 | 80.97 | 83.70 | 242.56 | 5.71 | 253.40 |
| 11 | 15.10.2021 | 81.74 | 84.47 | 243.88 | 5.63 | 257.28 |
| 12 | 18.10.2021 | 83.56 | 85.84 | 250.64 | 5.24 | 258.97 |
| 13 | 22.10.2021 | 82.23 | 84.26 | 245.88 | 5.16 | 253.43 |
| 14 | 25.10.2021 | 84.68 | 86.30 | 249.76 | 5.52 | 255.49 |
| 15 | 26.10.2021 | 83.85 | 86.14 | 252.70 | 6.06 | 256.99 |
| 16 | 27.10.2021 | 84.16 | 86.03 | 249.79 | 5.86 | 255.75 |
| 17 | 28.10.2021 | 81.08 | 82.75 | 240 | 6.20 | 246.48 |
| 18 | 29.10.2021 | 82.84 | 84.59 | 243.25 | 5.68 | 250.15 |

Source: Bloomberg Commodities

## ၂၀၂၁ အောက်တိုဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 1 Oct 2021 | 122.25 | * | 227.55 | * | 167.45 |
| 2 | 4 Oct 2021 | 121.60 | * | 227.65 | * | 167.65 |
| 3 | 5 Oct 2021 | 122.40 | * | 227.40 | * | 168.30 |
| 4 | 6 Oct 2021 | 123.00 | * | 227.80 | * | 168.90 |
| 5 | 7 Oct 2021 | 123.40 | * | 227.10 | * | 169.70 |
| 6 | 8 Oct 2021 | 123.04 | * | 226.70 | * | 173.25 |
| 7 | 11 Oct 2021 | 124.57 | * | 226.30 | * | 174.95 |
| 8 | 12 Oct 2021 | 124.70 | * | 225.65 | * | 175.70 |
| 9 | 13 Oct 2021 | 125.50 | * | 225.30 | * | 173.85 |
| 10 | 14 Oct 2021 | 128.20 | * | 226.40 | * | 174.10 |
| 11 | 15 Oct 2021 | 127.10 | * | 226.40 | * | 174.45 |
| 12 | 18 Oct 2021 | 124.30 | * | 226.30 | * | 174.55 |
| 13 | 19 Oct 2021 | * | * | 226.95 | * | * |
| 14 | 20 Oct 2021 | 128.60 | * | 228.50 | * | 180.20 |
| 15 | 21 Oct 2021 | 132.20 | * | 230.05 | * | 185.50 |
| 16 | 22 Oct 2021 | 129.70 | * | * | * | 175.15 |
| 17 | 25 Oct 2021 | 130.30 | * | 229.25 | * | 175.60 |
| 18 | 26 Oct 2021 | 131.92 | * | 229.00 | * | 175.90 |
| 19 | 27 Oct 2021 | 133.20 | * | 230.80 | * | 178.95 |
| 20 | 28 Oct 2021 | 132.94 | * | * | * | 175.00 |
| 21 | 29 Oct 2021 | 134.70 | * | * | * | 178.50 |

Source: Association of natural rubber producting countries

## ၂၀၂၁၊ အောက်တိုဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.10.2021 | 1650-1700 | 1600-1650 | 1550-1500 | 1500-1450 | 1450-1500 |
| 2 | 11.10.201 | 1650-1700 | 1600-1650 | 1550-1500 | 1500-1450 | 1450-1500 |
| 3 | 18.10.2021 | 1650-1700 | 1600-1650 | 1550-1500 | 1500-1450 | 1450-1500 |
| 4 | 25.10.2021 | 1650-1700 | 1600-1650 | 1550-1500 | 1500-1450 | 1450-1500 |

Source: mrppa

## ၂၀၂၁၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)


| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.10.2021 | 1755 | 1873 | 2030000 | 2015000 |
| 2 | 4.10.2021 | 1761 | 1950 | 1960000 | 1945000 |
| 3 | 5.10.2021 | 1763 | 1852 | 1855000 | 1855000 |
| 4 | 6.10.2021 | 1770 | 1852 | 1965000 | 1950000 |
| 5 | 7.10.2021 | 1760 | 1860 | 1935000 | 1925000 |
| 6 | 8.10.2021 | 1762 | 1860 | 1890000 | 1890000 |
| 7 | 11.10.2021 | 1759 | 1857 | 1850000 | 1849000 |
| 8 | 12.10.2021 | 1760 | 1857 | 1830000 | 1819000 |
| 9 | 13.10.2021 | 1763 | 1829 | 1845000 | 1843000 |
| 10 | 14.102021 | 1790 | 1829 | 1918000 | 1912000 |
| 11 | 15.10.2021 | 1796 | 1829 | 1860000 | NA |
| 12 | 18.10.2021 | 1800 | 1829 | 1855000 | 1837000 |
| 13 | 22.10.2021 | 1790 | 1829 | 1833000 | NA |
| 14 | 25.10.2021 | 1801 | 1928 | 1812000 | 1805000 |
| 15 | 26.10.2021 | 1806 | 1888 | 1772000 | 1765000 |
| 16 | 27.10.2021 | 1804 | 1888 | 1717000 | 1707000 |
| 17 | 28.10.2021 | 1803 | 1888 | NA | NA |
| 18 | 29.10.2021 | 1799 | 1888 | 1768000 | 1765000 |

**Source: Bullionvault, etrademyanmar**

## ၂၀၂၁ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| Date | Dollar | Earning |
|---|---|---|
| 1.10.2021 | 2450 | close |
| 4.10.2021 | 2350 | 2150 |
| 5.10.201 | 2100 | 2030 |
| 6.10.2021 | 2200 | 2010 |
| 7.10.2021 | 2300 | 2060 |
| 8.10.2021 | 2180 | 2030 |
| 11.10.2021 | 2150 | 1990 |
| 12.10.2021 | 2000 | 1915 |
| 13.10.2021 | 2020 | 1860 |
| 14.10.2021 | 2150 | 1900 |
| 15.10.2021 | 2120 | 1930 |
| 18.10.2021 | 2070 | 1940 |
| 22.10.2021 | 2010 | 1890 |
| 25.10.2021 | 1990 | 1840 |
| 26.10.2021 | 1900 | 1800 |
| 27.10.2021 | 1850 | 1760 |
| 28.10.2021 | 1950 | 1750 |
| 29.10.2021 | 1910 | 1770 |

Source: e trade Myanmar




## ၂၀၂၁ အောက်တိုဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.10.2021 | | | | | | |
| 2 | 4.10.2021 | 1949.1 | 57.691 | 203.34 | 1436.3 | 26.235 | 1752.2 |
| 3 | 5.10.2021 | 1986.4 | 58.848 | 308.13 | 1463.8 | 26.672 | 1787.1 |
| 4 | 6.10.2021 | 1977.0 | 58.233 | 306.67 | 1452.0 | 26.423 | 1772.5 |
| 5 | 7.10.2021 | 1965.5 | 58.315 | 304.89 | 1448.3 | 26.301 | 1765.7 |
| 6 | 8.10.2021 | 1973.8 | 58.284 | 306.12 | 1453.5 | 26.307 | 1762.9 |
| 7 | 11.10.2021 | 1974.5 | 58.305 | 306.70 | 1459.1 | 26.227 | 1749.3 |
| 8 | 12.10.2021 | 1923.3 | 57.489 | 297.92 | 1417.7 | 25.447 | 1696.7 |
| 9 | 13.10.2021 | 1888.1 | 56.828 | 293.07 | 1395.9 | 25.103 | 1662.6 |
| 10 | 14.102021 | 1878.1 | 56.612 | 191.81 | 1393.7 | 24.952 | 1656.7 |
| 11 | 15.10.2021 | 1830.4 | 55.008 | 284.62 | 1357.8 | 24.420 | 1601.9 |
| 12 | 18.10.2021 | 1820.0 | 54.353 | 282.88 | 1347.1 | 24.165 | 1591.4 |
| 13 | 22.10.2021 | 1800.0 | 54.07 | 281.75 | 1338.6 | 24.079 | 1579.8 |
| 14 | 25.10.2021 | 1800.0 | 54.348 | 282.11 | 1338.8 | 23.984 | 1583.5 |
| 15 | 26.10.2021 | 1790.0 | 53.948 | 280.35 | 1327.7 | 23.830 | 1569.4 |
| 16 | 27.10.2021 | 1772.7 | 53.178 | 277.28 | 1313.5 | 23.628 | 1559.4 |
| 17 | 28.10.2021 | 1771.0 | 53.183 | 276.83 | 1313.8 | 23.668 | 1558.4 |
| 18 | 29.10.2021 | 1771.0 | 53.335 | 276.87 | 1315.9 | 23.652 | 1556.7 |

Source: Central Bank of Myanmar